# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | နိုင်ငံ့ဝန်ထမ်း ယန္တရားအတွင်း ကြိုးနီစနစ်လျှော့ချရေးနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံဆောင်ရွက်နေကြောင်းသိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၆ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System)ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး Website မှလွှင့်တင် ထားသည်တွင် မည်သည့် Font အသုံးပြုထားပါသနည်း၊ လက်ကိုင်ဖုန်း တွင်အသုံးများသော Zaw Gyi Font ဖြင့်ရှာဖွေနိုင်ရန် လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပြဋ္ဌာန်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထပ်မံဖြည့်စွက်ခြင်းကို ရှေ့နေချုပ်ရုံးမှဆောင်ရွက်ပါသလား၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပါသလားတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၇ | မန်တုံမြို့နယ်၊ နမ့်ဟိုင်းကျေးရွာအုပ်စု၊ နမ့်ဟိုင်းကျေးရွာ (မိုင်းမော်ဒေသ) အား လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၈ | မာန်အောင်မြို့နယ်မြို့ပေါ်(၅)ရပ်ကွက်နှင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားပြီးသော ကျေးရွာအုပ်စု(၁၂)အုပ်စုရှိ ကျေးရွာ(၅၇)ရွာအား လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက် နေသည်ကို သိလိုခြင်းနှင့် တစ်မြို့နယ်လုံးရှိ ကျေးရွာများအား ၂၀၁၈-၂၀၁၉ ခုနှစ်များ အတွင်း မီးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၉ | မင်းဘူး(စကု)မြို့နယ်၊ မန်းရေနံမြေမှ ကုန်တင်ကုန်ချအလုပ်သမားများ လုပ်အားခပြည့်ဝစွာပေးနိုင်ရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | မုံရွာမြို့၊ တိုင်းဆေးရုံကြီး ဆောက်လက်စ (၅)ထပ်အဆောက်အဦ အပြီး | ၂၃ |

သတ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

၁၁ မံစီမြို့နယ်၊ မန်ဝိန်းကြီးကျေးရွာတွင် ပြည်သူလူထုများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၅

၁၂ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်(NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိရေးသုံးစွဲမှု မြင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေး လုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ် နိုင်အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ် ဆောင်ရွက် နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၈

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့သော မြန်မာနိုင်ငံ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၃

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၇

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၈

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# [ ၁၄-၁၁-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်း ယန္တရားအတွင်း ကြိုးနီစနစ်လျှော့ချရေးနှင့်စပ်လျဉ်း၍ မည်သို့ မည်ပုံ ဆောင်ရွက်နေကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website မှ လွှင့်တင်ထားသည်တွင် မည်သည့် Font အသုံးပြုထားပါသနည်း၊ လက်ကိုင်ဖုန်းတွင် အသုံးများသော Zaw Gyi Font ဖြင့် ရှာဖွေနိုင်ရန် လုပ်ဆောင်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် ပြဋ္ဌာန်းဥပဒေ၊ အမိန့်နှင့်**

**ညွှန်ကြားချက်များ ထပ်မံဖြည့်စွက်ခြင်းကို ရှေ့နေချုပ်ရုံးမှ ဆောင်ရွက် ပါသလား၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက် ပါသလားတို့ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ်၊ နမ့်ဟိုင်းကျေးရွာအုပ်စု၊ နမ့်ဟိုင်းကျေးရွာ (မိုင်းမော်ဒေသ) အား လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ် မြို့ပေါ်(၅) ရပ်ကွက်နှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းထားပြီးသော ကျေးရွာအုပ်စု (၁၂) အုပ်စုရှိ ကျေးရွာ (၅၇) ရွာအား လျှပ်စစ်မီး ရရှိရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည် ကို သိလိုခြင်း နှင့် တစ်မြို့နယ်လုံးရှိ ကျေးရွာများအား ၂၀၁၈–၂၀၁၉ ခုနှစ်များအတွင်း မီးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး (စကု) မြို့နယ်၊ မန်းရေနံမြေမှ ကုန်တင်ကုန်ချ အလုပ်သမားများ လုပ်အားခပြည့်ဝစွာ ပေးနိုင်ရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးညွှန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့၊ တိုင်းဆေးရုံကြီး ဆောက်လက်စ (၅) ထပ် အဆောက်အဦ အပြီးသတ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးချင်းဖေလင်း၊ မံစီ မဲဆန္ဒနယ်၏ **မံစီမြို့နယ်၊ မန်ဝိန်းကြီးကျေးရွာတွင် ပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုက်နယ် ဆေးရုံ(၁)ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **"နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် (NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှု မြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေး လုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုး ဖြစ်ပေါ်နိုင်အောင် ကျေးလက်မီးလင်းရေး မူဝါဒ များကို စိစစ်ချမှတ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**
**တတိယနေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၄ ဦးရှိသည့်အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း ခွင့် ၁၀ ရက်၊

(၂) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ခွင့် ၁ ရက်၊

(၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၃ ရက်၊

(၄) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၇ ရက်၊

(၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၃ ရက်၊

(၇) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊

(၈) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၁ ရက်၊

(၉) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊

(၁၀) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊

(၁၁) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၁၂) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်နှင့်

(၁၃) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံ့ဝန်ထမ်း ယန္တရားအတွင်း ကြိုးနီစနစ်လျှော့ချရေးနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံဆောင်ရွက်နေကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အင်မတန်မှန်လည်းမှန် အင်မတန်လည်းအရေးကြီးတဲ့ ဆောင်ပုဒ်တစ်ခုရှိပါတယ်။ အဲဒါကတော့ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်ဆိုတဲ့ဆောင်ပုဒ်ပါ။ ကျွန်တော်တို့ တစ်ပါတီစနစ်ပဲဖြစ်ဖြစ်၊ ပါတီစုံစနစ်ပဲဖြစ်ဖြစ်၊ နိုင်ငံကိုအုပ်ချုပ်တဲ့သမ္မတတွေ၊ ဒုတိယသမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေကတော့ တိုင်းပြည်အတွက် အကောင်းဆုံးစဉ်းစားသုံးသပ်ပြီးတော့ Policy တွေ၊ မူဝါဒတွေ၊ လမ်းစဉ်တွေချမှတ်ကြတယ်။ ဒါပေမဲ့ အဲဒီလမ်းစဉ်တွေ၊ မူဝါဒတွေကို အကောင်အထည်ဖော်ကြရတာ ဝန်ထမ်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းတွေက အသိစိတ်ရှိရှိနဲ့ တိုင်းပြည်ကိုချစ်တဲ့စိတ်နဲ့ စွမ်းဆောင်ရည်မြင့်မြင့်နဲ့ အကောင်အထည်ဖော်မှသာ တိုင်းပြည်ရဲ့ဝန်ဆောင်မှုတွေအားလုံးဟာ အဆင်ပြေမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း စိတ်ချမ်းမြေ့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းတွေရဲ့လုပ်ဆောင်ချက်ကတော့ အစိုးရတွေအပေါ်မှာ သက်ရောက်မှုက ကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့

နိုင်ငံမှာဆိုလို့ရှိရင်လည်း ဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့ အစိုးရအဆက်ဆက်က စွမ်းဆောင်ရည်မြင့်မားဖို့အတွက် ကြိုးစားအားထုတ်ခဲ့တာတွေ တောက်လျှောက်ရှိခဲ့ပါတယ်။ ဝန်ထမ်းတွေလေ့ကျင့်ရေးနဲ့ပတ်သက်ပြီးတော့ သူတို့တွေရဲ့စွမ်းဆောင်ရည်မြင့်တက်မှုနဲ့ဆိုရင် အောက်မြန်မာပြည်မှာဖောင်ကြီး၊ အထက်မြန်မာပြည်မှာ ဇီးပင်ကြီး ဒီလိုသင်တန်းကျောင်းတွေဖွင့်ပြီးတော့ သူတို့ရဲ့စွမ်းဆောင်ရည်မြှင့်တင်ဖို့ တောက်လျှောက်ကြိုးစားလာခဲ့ပါတယ်။ ယခုလည်း ကျွန်တော်တို့လောလောဆယ်မှာ ပြည်ထောင်စု လွှတ်တော်ကို နိုင်ငံတော်သမ္မတကြီးကနေပေးပို့ထားပါတယ်။ အဲဒီဇီးပင်ကြီးနဲ့ ဖောင်ကြီး ကျောင်းနှစ်ကျောင်းကို စီမံအုပ်ချုပ်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများနှင့်တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(IASIA)ကိုဝင်ခွင့်ပြုဖို့ဆိုပြီးတော့ပြည်ထောင်စုလွှတ်တော်ဆီက အတည်ပြုချက်ကို တောင်းခံထားပါတယ်။ ဒီထဲဝင်မယ်ဆိုလို့ရှိရင်လည်း အကျိုးကျေးဇူးတွေလည်းဖော်ပြထားတာ ခြောက်ချက်ရှိပါတယ်။ ဒါ အင်မတန်ကောင်းတဲ့အချက်တွေပါ။ အဲဒီတော့ ကျွန်တော့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်သက်တမ်းအတွေ့အကြုံအရတော့ဝန်ထမ်းတွေကြားထဲမှာ ကြိုးနီစနစ်က အခုအချိန်ထိ အားကောင်းနေဆဲပါပဲ။ အချို့ဝန်ထမ်းတွေ။ ကြိုးနီဆိုတာကတော့ ဖိုင်တစ်ဖိုင်၊ လုပ်ငန်းတစ်ခုကို ကြိုးအနီလေးပတ်ပြီးတော့ ထားလိုက်တဲ့စနစ်ပါ။ အဲဒါကတော့ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားရတဲ့စနစ်ပါပဲ။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတဲ့နောက်ပိုင်းမှာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ကြွေးကြော်သံနဲ့ ကျွန်တော်တို့အားသွန်ခွန်စိုက်ကြိုးစားပါတယ်။ ဝန်ထမ်းလောကထဲမှာလည်း ပြောင်းလဲမှုတွေဖြစ်လာအောင်၊ ပြည်သူလူထုတွေစိတ်ချမ်းသာအောင် ကျွန်တော်တို့က ကြိုးစားပါတယ်။ သို့သော်လည်း တချို့ဟာတွေက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဘယ်လောက်ပဲအားသွန်ကြိုးပမ်းသည်ဖြစ်စေ၊ ဝန်ထမ်းတွေကနေပြီးတော့ တက်တက်ကြွကြွလိုက်ပါဆောင်ရွက်မှုမရှိတဲ့အခါ ကျွန်တော်တို့ရဲ့လုပ်ငန်းတွေဟာ ရှေ့ကိုရောက်သင့်သလောက်မရောက်ဘူးဖြစ်နေပါတယ်။ ကျွန်တော်တို့တွေ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲတွေသွားတယ်။ သွားတဲ့အခါ ပြည်သူတွေနဲ့ထိတွေ့တယ်။ ပြည်သူတွေကနေပြီးတော့ မေးမြန်းတယ်။ တောင်းဆိုတဲ့ကိစ္စတွေကို ကျွန်တော်တို့က သေချာစိစစ်သုံးသပ်နားထောင်ပြီးတော့ ရပ်မိရပ်ဖတွေ၊ အုပ်ချုပ်ရေးမှူးတွေ အဲဒီက အလွှာပေါင်းစုံနဲ့နားထောင်ပြီးတော့မှ ကျွန်တော်တို့က အကြံပြုချက်ကိုပေးခဲ့တယ်။ တစ်ခုဆိုလို့ရှိရင် ကျွန်တော် အများပိုင်လမ်းကိုပိတ်ထားတဲ့ကိစ္စ။ စပါးကျီကြီးပိတ်ထားတယ်။ အဲဒါကို ကျွန်တော်သေချာနားထောင်ပြီးတော့ ဒါကတော့ ဖျက်ပေးပါ။ တစ်ဖက်ကပိုင်ရှင်တွေအနေနဲ့လည်း သိပ်ပြီးတော့ အပမ်းမကြီးပါဘူးဆိုပြီးတော့ ကျွန်တော်ပြောခဲ့တယ်။ အဲဒီမှာ မြေစာရင်းပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပါတယ်။ ကျေးလက်ပါတယ်။ သို့သော် ကျွန်တော် အဲဒီခရီးစဉ်ကပြန်လာတဲ့တစ်နှစ်အထိ အဲဒီကိစ္စက လုံးဝကိုမလုပ်ရသေးဘူးဆိုတာ ကျွန်တော် နောက်တစ်ခေါက်ပြန်သွားတဲ့အခါမှာ တွေ့ရတယ်။ ဒီလိုဟာမျိုးတွေဟာအများကြီး ကျွန်တော်တို့ တွေ့နေရပါတယ်။ နောက်တစ်ခါ ပြည်သူတွေက သူတို့ရဲ့ တိုင်ကြား၊ အကူအညီတောင်းခံတဲ့ကိစ္စတွေ ရုံးကိုလာပြီးတော့ ထွေ/အုပ်ရုံးကိုပေးတဲ့အခါ ကျွန်တော်ကပြေစာလေးတွေပြန်ထုတ်ပေးပါ။ ဒါမှ ပြည်သူတွေဟာ ဒီပြေစာကိုကိုင်ပြီးတော့ ဘယ်နေ့ကတော့သွားပေးထားတယ်။ ဘယ်နေ့ လောက်ကျရင် သွားစုံစမ်းမယ်ဆိုတာ။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ကျွန်တော့်ရဲ့အကြံပြုချက်ကို မလိုက်နာပါဘူး။ ဒါ သူတို့လာပေးတာလေးတွေ မှတ်တမ်းတင်ထားတယ်။

မှတ်တမ်းတင်ထားတယ်ဆိုတာ တချို့ဟာတွေ စာတွေပျောက်တယ်။ အဲဒါကြောင့်မို့လို့ နှစ်နဲ့ချီပြီးတော့ ကြာတယ်။ ကြာတဲ့အခါမှာ ပြည်သူတွေဟာ ကျွန်တော်တို့ကိုယ်စားလှယ်တွေကို လာပြီးတော့ မေတ္တာရပ်ခံတယ်။ အကူအညီတောင်းတယ်။ ကျွန်တော်တို့ကလည်း အုပ်ချုပ်ရေးတွေ၊ ဝန်ထမ်းတွေနဲ့ ပေါင်းစပ်ပြီးတော့ ဖြေရှင်းပေးတယ်။ သို့သော်လည်း တချို့ကိစ္စတွေဟာ လနဲ့၊ တချို့ကိစ္စတွေက နှစ်နဲ့ချီပြီးတော့ ကြာမြင့်နေပါတယ်။ အခုအချိန်ထိဝန်ထမ်းလောကမှာ ကြိုးနီစနစ်က ခိုင်မာအားကောင်းနေတယ်ဆိုတာကို ကျွန်တော့် အတွေ့အကြုံအရ တွေ့ရှိရပါတယ်။ တချို့ဆိုရင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က မှတ်ချက် ပေးထားပြီးပြီ။ ဒီလိုလုပ်ပေးပါ။ သို့သော်လည်း တစ်နှစ်နီးပါးကြာတဲ့အထိ ဒီကိစ္စဟာ ဖြေရှင်းလို့မပြီးသေးဘူး။ ကျွန်တော်ကိုယ်တိုင်ဝင် ဖြေရှင်းတော့လည်း မပြီးဘူး။ ပြဿနာတွေကဆက်ပြီးတော့ ရှုပ်လျားနေတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းတွေကြားထဲမှာ ကြိုးနီစနစ် ပြည်သူတွေ ကြုံ့ကြာ အောင်လုပ်နေတဲ့စနစ်ကတော့ရှိနေပါသေးတယ်။ ဒီစနစ်ကို လျော့နည်းပပျောက်သွားအောင် ဘယ်လိုများ စီစဉ်ဆောင်ရွက်ထားသလဲဆိုတာကို သိချင်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်မှ နိုင်ငံ့ဝန်ထမ်းယန္တရားအတွင်း ကြိုးနီစနစ်လျှော့ချရေးနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံဆောင်ရွက်နေကြောင်း သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းလာပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏မေးမြန်းချက်တွင် ဒီမိုကရေစီစနစ်ရဲ့ ပင်မဂုဏ်ရည်တစ်ခုဖြစ်သော လုပ်ပိုင်ခွင့်အာဏာကို အောက်ခြေရောက်သည်အထိ အဆင့်ဆင့်ခွဲဝေချထားပေးသည့် လုပ်ဟန်၊ နိုင်ငံ့ဝန်ထမ်းယန္တရားအတွင်း ထွန်းကားပြန့်ပွားလာစေရေးအတွက် မည်သို့မည်ပုံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသဖြင့် ဤမေးခွန်းနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်းခွဲ၍ ရှင်းလင်းဖြေကြားသွားပါမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးမြန်းချက်ပါ ဒီမိုကရေစီစနစ်ရဲ့ ပင်မဂုဏ်ရည်တစ်ခုဖြစ်သော လုပ်ပိုင်ခွင့်အာဏာကို အောက်ခြေရောက်သည်အထိ အဆင့်ဆင့်ခွဲဝေချထားပေးသည့် လုပ်ဟန်နှင့်စပ်လျဉ်း၍ ပထမပိုင်းအနေဖြင့် ရှင်းလင်းဖြေကြားရမည်ဆိုပါလျှင် ဗဟိုချုပ်ကိုင်မှုများဖြေလျှော့ဆောင်ရွက်ခြင်း(Decentralization)တွင် လုပ်ငန်းစဉ်လေးရပ်ဖြစ်သည့် (၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၄ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏လက်အောက်ရှိအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကိုဆောင်ရွက်ကြရာတွင်

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂၅ အရ ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီး အစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ကလည်းကောင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးသည်ဟုလည်းကောင်း၊ ပုဒ်မ ၂၅၆ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် (က)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းပြုရမည်ဟုလည်းကောင်း၊ (ခ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုနိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု၏ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပိုင်းခြားခွဲဝေဆောင်ရွက်မှုကို ပြုစုရေးသားထုတ်ပြန်ဆောင်ရွက်ခြင်း၊ (၂) အရာရာတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများမှ ဆုံးဖြတ်သည့်စနစ်မဟုတ်ဘဲ လက်အောက်မှ စနစ်တကျ လုပ်နိုင်ကိုင်နိုင်ရေးအတွက် အဆင့်ဆင့်တာဝန်ခွဲဝေဆောင်ရွက်စေခြင်း (Delegation of power)၊ (၃) တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင်လည်းကောင်း၊ (OSS-One Stop Service) ရုံးများတွင်လည်းကောင်း၊ ရာထူးနှင့် တာဝန်အသီးသီး ခန့်အပ်ပေးထားသော်လည်း သက်ဆိုင်ရာရုံးချုပ်၏ ခွင့်ပြုချက်ရယူနေရဆဲလုပ်ငန်းများကို ပြန်လည်စိစစ်၍ ပြည်သူ့ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများအတွက် အောက်ခြေတွင် မြန်မြန်ဆန်ဆန်ပြီးပြတ်အောင်ဆောင်ရွက်နိုင်သမျှဆောင်ရွက်ခြင်း၊ (၄) အထက်အရာရှိများက လက်အောက်သို့ လုပ်ပိုင်ခွင့်ခွဲဝေအပ်နှင်းခြင်းမရှိသည်ကို လေ့လာဆန်းစစ်ရာတွင် ဌာနအသီးသီး၌ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျသတ်မှတ်ထားမှုမရှိခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်လေ့ကျင့်သင်ကြားပြသ၍ လုပ်ကိုင်စေမှုမရှိခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်၍ ကျူးလွန်ဖောက်ဖျက်ပါကလည်း အရေးယူမှုပြုခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့အတွက် ဝန်ထမ်းအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျ သတ်မှတ်ဆောင်ရွက်လျက်ရှိခြင်း၊ ရာထူးအဆင့်အလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိခြင်းနှင့် အလွဲသုံးစားပြုလုပ်၍ ကျူးလွန်ဖောက်ဖျက်ပါကလည်း သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက်တာဝန်ဝတ္တရားများ ခွဲဝေသတ်မှတ်ထားရှိပြီး လုပ်ပိုင်ခွင့်အာဏာကို အောက်ခြေရောက်သည်အထိ အဆင့်ဆင့်ခွဲဝေချထားပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်

ရှိပါကြောင်းနှင့် ရာထူးအဆင့်အလိုက်လျော်ညီသော တာဝန်ယူမှု၊ တာဝန်ခံမှုဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေသတ်မှတ်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယအပိုင်းဖြစ်သည့် လုပ်ပိုင်ခွင့်အာဏာကို အောက်ခြေရောက်သည်အထိ အဆင့်ဆင့်ခွဲဝေချထားပေးသည့်လုပ်ဟန်နှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းယန္တရားအတွင်း ထွန်းကားပြန့်ပွားလာစေရေးအတွက် မည်သို့မည်ပုံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့် ခံစားခွင့်ပြုခြင်း၊ ခွင့်ခံစားခြင်း၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊ အငြိမ်းစားခံစားခွင့်ပြုခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်စေရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ၈-၃-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ၂၆-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိအခြေအနေနှင့်ကိုက်ညီစေရန် နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေ၊ နည်းဥပဒေများတွင် ဝန်ထမ်းရေးရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ဆောင်ရွက်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်တာဝန်များကို ခွဲဝေပေးထားပြီးဖြစ်ပါတယ်။

ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ရာထူးအဆင့်အလိုက် သင်တန်းများဖွင့်လှစ်၍ ဝန်ထမ်းစည်းမျဉ်း၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ဘာသာရပ်တို့ကို ပို့ချပေးခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာအသိတရားများ ထွန်းကားပြန့်ပွားပြီး ပြည်သူ့ဝန်ကို ထမ်းလိုသည့်စိတ်ဓာတ်ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဖြေသွားတဲ့အထဲမှာ ကျွန်တော်စိတ်ဝင်စားတဲ့စကားလုံးတွေပါလာပါတယ်။ အဲဒါကတော့ တာဝန်ခံမှုခေါ်တဲ့(Accountability)ပါ။ နောက်တစ်ခုကတော့ Delegation of Power အာဏာကို အောက်ကိုအဆင့်ဆင့်ခွဲဝေပေးတယ်ဆိုတဲ့ကိစ္စ။ ဒါကတော့ လုပ်ထုံးလုပ်နည်းတွေအရ မှန်ပါတယ်။ ကျွန်တော်တို့အတွေ့အကြုံအရတွေ့လာတာက ကိစ္စတစ်ခုခုဖြစ်တယ်။ ဥပမာဆိုပါတော့ ဝန်ကြီးချုပ်ကနေပြီးတော့ ဒီမြေတွေမှာ ဘယ်သူမှမထွန်ရဆိုပြီးတော့ ပြောတယ်။ ထွန်လို့ရှိရင် ဝင်ရောက်အရေးယူဆောင်ရွက်ရမယ်ဆိုပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဒီလို သူကတာဝန်ပေးထားပါတယ်။ သို့သော် ဝင်ထွန်တဲ့အခါ၊ သွားမေးတဲ့အခါ ကျွန်တော်တို့အထက်ကို လမ်းညွှန်မှုခံယူထားပါတယ်။ ခရိုင်ကိုဆိုတော့၊ ဒီမှာက တာဝန်ခံမှုရှိရှိနဲ့ အရေးယူဆောင်ရွက်ရမယ့်ကိစ္စတွေ မှန်ပါတယ်။ သို့သော် ဒါကို အထက်ကိုထပ်ပြီးတော့ လမ်းညွှန်မှုခံယူထားတယ်ဆိုတော့ ခရိုင်ကလည်း

အောက်ကိုပြန်ပြီးတော့ပဲ မြို့နယ်ကို ပြန်စစ်ခိုင်းမှာပါ။ အဲဒီတော့ တစ်ခါ ထပ်ပြီးတော့ ဒီမှာတင် အပေါ်နဲ့အောက်နဲ့ ဘောလီဘောပုတ်နေတဲ့ကိစ္စတွေ ဒါတွေကို ဘယ်လိုကိုင်တွယ်သွားမလဲ။ ဒီကိစ္စက ကျွန်တော်တို့အစိုးရရဲ့ပုံရိပ်ကို ပျက်ပြားစေပါတယ်။ အချိန်က ကြာပြီးတော့ မလိုအပ်ဘဲနဲ့လတွေ၊ နှစ်တွေချီပြီးတော့ ကြာစေတဲ့ကိစ္စတွေ ဒါမျိုးတွေရှိပါတယ်။ အထက်ကို လမ်းညွှန်မှုခံယူမယ်။ ခရိုင်ကို လမ်းညွှန်မှုခံယူမယ်ဆိုရင် ကျွန်တော်တို့က အောက်က Delegation of Power ခေါ်တဲ့ အောက်မှာ လုပ်ပိုင်ခွင့်ပေးထားပြီးသားကိစ္စကို အထက်ကိုပြန်ပြီးတော့ လမ်းညွှန်မှုခံယူနေတယ်ဆိုလို့ရှိရင် ကျွန်တော် ဘယ်တော့ပြီးတော့မှာလဲ အပေါ်က အောက်ကိုဆင်းလိုက်၊ အောက်ကနေ အပေါ်တက်လိုက်၊ အပေါ်ကအောက်ကိုဆင်းလိုက် ဒီလိုနဲ့ပဲ ကျွန်တော်တို့က ပြည်သူတွေဟာ နောက်ဆုံးတော့ စိတ်ပျက်လက်ပျက်ဖြစ်ပြီးတော့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာလည်း အားမလိုအားမရဖြစ်တယ်။ နောက်ဆုံးမှာ နိုင်ငံရေးအပေါ်မှာပါ စိတ်ပျက်လက်ပျက်ဖြစ်ပြီးတော့ A Politic ပေါ့။ ဒီလိုနိုင်ငံရေးကို စိတ်ခတ်ကျသွားပြီးတော့ စိတ်ပျက်သွားတဲ့အနေအထားတွေ ဖြစ်လာနိုင်တဲ့ အလားအလာတွေ ကျွန်တော်တို့တွေ့နေရပါတယ်။ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရ ဒါကြောင့်မို့လို့ တာဝန်ခံမှုမရှိဘဲနဲ့ အပေါ်ကိုလမ်းညွှန်မှုခံတယ်ဆိုပြီးတော့ ဒီလိုနဲ့အချိန်တွေကြာမြင့်အောင် လုပ်နေတဲ့ ဝန်ထမ်းမျိုးတွေကို ဘယ်လိုကိုင်တွယ်အရေးယူဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိသလဲဆိုတဲ့အချက်ကိုလည်း သိလိုတဲ့အတွက် ဆက်စပ်မေးခွန်းအနေနဲ့ မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအနေနဲ့ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခုလွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံပြီးတော့ မေးမြန်းတဲ့ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အကျဉ်းချုံးပြီးရှင်းပြလိုပါတယ်။ နံပါတ်(၁)အချက်အနေနဲ့ ရာထူးဝန်အဖွဲ့အနေနဲ့ Civil Service Reform ဆိုပြီးတော့ ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုပြီးတော့ မနှစ်ကနေစပြီးတော့ ကျွန်တော်တို့ နိုင်ငံနှင့်အဝှမ်း ဝန်ထမ်းပြုပြင်ပြောင်းလဲရေးကို ကျွန်တော်တို့ စတင်ပြီးတော့ ဆောင်ရွက်ပေးတဲ့အနေအထားရှိပါတယ်။ ဒီနေရာမှာ ခုနက တာဝန်ခွဲဝေမှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ရှင်းလင်းချက်မှာလည်း တင်ပြသွားတယ်။ Decentralization ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုတာမှာ သူ့ရဲ့အပိုင်းအဆင့်သုံးခုဖြစ်တဲ့ De-concentration ကိုဘယ်လောက်ထိပေးမလဲ။ ပြီးရင် Delegation of Power ကို ဘယ်လောက်ထိပေးမလဲ။ ပြီးရင် Devolution လုံးလုံးလျားလျားလောက်ပေးမယ်ဆိုတဲ့ အဲဒီအဆင့်ဟာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့တို့အားလုံး ညှိနှိုင်းဆောင်ရွက်နေတဲ့ အနေအထားရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်ပြီးတော့လည်း ကျွန်တော့်အနေနဲ့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၂၂၄၊ ၂၂၅၊ ၂၅၆ ကိုလည်း ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ လက်တွေ့အားဖြင့် လုပ်တဲ့အနေအထားမှာ၊ လောလောဆယ်မှာ ဒီလိုအခက်အခဲတွေ တွေ့တယ်ဆိုတာလည်း အားလုံးကျွန်တော်တို့ ရရှိပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်နောက်ဆုံးအပိုဒ်မှာတင်ပြထားတဲ့ ဒီလိုဟာတွေအပေါ်မှာ၊ လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာမူတည်ပြီးတော့ ဝန်ထမ်းရဲ့လုပ်ပိုင်ခွင့်တွေ၊ ဝန်ထမ်းရဲ့ Full Value သူ့ရဲ့တန်ဖိုးအနေနဲ့

ပထမဦးဆုံး Honesty(ရိုးသားဖြောင့်မတ်မှု)၊ Integrity(ရိုးသားစွာပြုမူ)ရမည်။ Responsiveness ပြည်သူလူထုရဲ့လိုအပ်ချက်ကို လျင်မြန်စွာ တုံ့ပြန်ရမယ်။ Accountability(တာဝန်ခံမှု)၊ အဲဒီ Co Value တွေအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဒါတွေကိုလည်း ဗဟိုဝန်ထမ်းတက္ကသိုလ်ကျောင်းတွေမှာ ကျွန်တော်တို့ ဟိုးအောက်ခြေဝန်ထမ်းကနေပြီးတော့ အပေါ်အထက်အရာရှိကြီး ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ထိကို တောက်လျှောက်ကို သင်တန်းပေးပြီးတော့ ဒီဟာတွေလည်း တစ်ဖက်က သူ့ရဲ့ Mind self ဆိုတော့ ဒီဟာက သူ့ရဲ့အတွေးအမြင် Perception ကိုပြောင်းလိုက်နိုင်အောင် သင်တန်းတွေပေးနေပါတယ်။ Perception ကိုပြောင်းလိုက်နိုင်တော့မှ သူ့ရဲ့ Attitude စိတ်ဓာတ်ပြောင်းလာမယ်။ Attitude ပြောင်းလိုက်နိုင်မှ Mind self ပြောင်းလိုက်နိုင်မယ်ဆိုတဲ့ အဲဒီရဲ့ လမ်းကြောင်းပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ရာထူးဝန်အဖွဲ့အနေနဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ရာထူးအဆင့်ဆင့်ကို ကျွန်တော်တို့ သင်တန်းပေးနေပါတယ်။ တစ်ဖက်မှာလည်း လက်တွေ့အရှိတရားမှာဖြစ်နေတဲ့အနေအထားပေါ်မှာလည်း အထက်ကို ကျွန်တော်တို့ တင်ပြပြီးတော့ ဒါတွေကို Decentralization မှာ De-concentration and Devolution ဘယ်လိုအတိုင်းအတာနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်အောင် ကျွန်တော်တို့ ဒါကို ဆောင်ရွက်မယ်ဆိုတာကိုလည်းပဲ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဖြည့်စွက်ပြီးတင်ပြလိုတာကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ အနေနဲ့ Civil Service Reform လုပ်နေတယ်ဆိုတဲ့နေရာမှာ ဒီလိုသင်တန်းပို့ချနေရုံနဲ့မရပါဘူး။ သက်ဆိုင်ရာအစိုးရအဖွဲ့တွေနဲ့ပေါင်းစပ်ညှိနှိုင်းပြီး ပြည်သူလူထုတစ်ရပ်လုံးလိုအပ်ချက်ကို မေးမြန်းသွား ဥပဒေနှင့်အညီ တုံ့ပြန်နိုင်ရေးအတွက် နည်းလမ်းရှာပြီး ဆောင်ရွက်သွားပေးဖို့လည်း လွှတ်တော်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website မှလွှင့်တင်ထားသည့်တွင် မည်သည့် Font အသုံးပြုထားပါသနည်း၊ လက်ကိုင်ဖုန်းတွင် အသုံးများသော Zaw Gyi Font ဖြင့်ရှာဖွေနိုင်ရန် လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပြဋ္ဌာန်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထပ်မံဖြည့်စွက်ခြင်းကို ရှေ့နေချုပ်ရုံးမှဆောင်ရွက်ပါသလား၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပါသလားတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယရှေ့နေချုပ်ကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ မြန်မာဥပဒေ သတင်းအချက်အလက်စနစ်နဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥပဒေကို လူတိုင်း

သိဖို့လိုပါတယ်။ Ignore of Law ၊ Excuse no One ဥပဒေမသိလို့ဆိုပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ခွင့်လွှတ်လို့မရပါဘူး။ အထူးသဖြင့်တော့ ရှေ့နေတွေ၊ တရားသူကြီးတွေ၊ ဥပဒေကျောင်းသားတွေ၊ ဥပဒေပညာရှင်တွေ၊ ဥပဒေပြုသူတွေအတွက် အထူးလိုအပ်ပါတယ်။ ဥပဒေတွေက အများကြီးရှိတော့ အကုန်အစင်လည်းအလွတ်မရနိုင်ပါဘူး။ သက်ဆိုင်ရာဥပဒေတွေကို ရှာဖွေအကိုးအကားပြုဖို့ လိုအပ်ပါတယ်။ ဥပဒေအလုံးစုံကို လူပုဂ္ဂိုလ်တစ်ယောက်တည်းမှာ၊ စာကြည့်တိုက်တစ်ခုတည်းမှာတောင်မှ အားလုံးမရှိနိုင်ပါဘူး။ ဥပဒေတွေအများကြီးရှိတယ်။ အများကြီးရှိတဲ့ထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုဥပဒေ၊ တိုင်းဒေသကြီးဥပဒေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ စီရင်ထုံး၊ Mother of Law ဖြစ်တဲ့ Constitutional Law ၊ State Law ၊ Regional Law ၊ Customary Law စတာတွေကို ဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ခေတ်အလိုက်၊ ဥပဒေအမည်အလိုက် ရှာဖွေကြည့်ရှုနိုင်ဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေပြီးတော့ MMIS Website မှာ တင်ထားပေးတာတွေ့ရပါတယ်။ ဥပဒေတွေသာမက တစ်ဆင့်ခံဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်စတာတွေကိုပါ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ ရှာဖွေနိုင်သလို ဥပဒေ၊ သမိုင်းနောက်ခံအကြောင်းအရာတွေကိုပါ လေ့လာနိုင်တာ ဖြစ်ပါတယ်။

ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒီမှာ www.mmis.gov.mm မှာတင်ပေးထားတာ ဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်လို့ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်နေ့ မြန်မာ့သတင်းစာမှာ မြန်မာ-ကိုရီးယားပူးပေါင်းဆောင်ရွက်သည့် မြန်မာဥပဒေသတင်းအချက်အလက်စနစ်ခေါင်းစဉ်နဲ့ ဆောင်းပါးရှင် နုနုရင်(ပြည်ထောင်စုရှေ့နေချုပ်ရုံး)က ရေးသားထားတာတွေ့ရပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဆောင်းပါးရှင် လွင်သစ္စာ(ဥပဒေ)ကလည်း ပြည်သူအတွက် မြန်မာဥပဒေသတင်းအချက်အလက်ခေါင်းစဉ်နဲ့ ဖော်ပြထားတာ တွေ့ရပါတယ်။ တန်ဖိုးကြီးလှတဲ့ ဥပဒေစာအုပ်ကြီးတွေကို ဝယ်မဖတ်ရဘဲ Smart Phone အသုံးပြုပြီး အခမဲ့သုံးစွဲခွင့်ပြုထားတာဖြစ်ပါတယ်။ အင်တာနက်ဖိုးသာကုန်ပါတယ်။ ဒီစနစ်ကို အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံက ပထမဆုံးသုံးနိုင်တာသိရလို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ဂုဏ်ယူမိပါတယ်။ ဒီမေးခွန်းမေးစဉ်ကတော့ အနီဝိုင်းလေးဝိုင်းပြထားတဲ့အတိုင်းပါပဲ။ အဲဒီနေရာမှာ Font မတူလို့ Size အနေနဲ့ရှာရတာခက်ပါတယ်။ ဗမာလိုရှာမရတော့ အင်္ဂလိပ်လိုပြောင်းရှာရတဲ့ အတွက် သူက English Version ရော Myanmar Version ရော ပေးထားတဲ့အတွက် ရှာလို့တော့ ရပါတယ်။ ဒါပေမဲ့ ခက်ပါတယ်။ ဒါပေမဲ့လို့ အခုနောက်ပိုင်းမှာတော့ Zaw Gyi Font နဲ့ပါ သုံးဖို့ လုပ်ပေးထားတာ တွေ့ရပါတယ်။ Zaw Gyi One နဲ့ရော Myanmar3 နဲ့ပါ သုံးရလွယ်အောင် လုပ်ထားတဲ့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုတာ လုံးဝမပြောင်းဘဲနဲ့ထားလို့မရပါဘူး။ ခေတ်၊ စနစ်၊ မူဝါဒ၊ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်အသစ်ပြဋ္ဌာန်းပေးရတာ ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲမှုကို အချိန်နှင့်တစ်ပြေးညီသိဖို့ စဉ်ဆက်မပြတ်ပြင်ဆင် Update လုပ်ပေးဖို့လည်း လိုပါတယ်။ ဝန်ကြီးဌာနတွေ၊

တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ဥပဒေဆိုင်ရာအချက်အလက်ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်အသစ်ပြဋ္ဌာန်းမှုတွေကို ဘယ်ဌာနကဆောင်ရွက်ပေးနေပါသလဲ။ ဒီဥပဒေစနစ်ကို ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးမှုတွေမခံရအောင် Cyber လုံခြုံရေး၊ Network Security ပိုင်းကိုလည်း ဘယ်လိုတာဝန်ယူပေးထားပါသလဲဆိုတာ သိချင်တဲ့အတွက် ဥပဒေပြုသူများ၊ ဥပဒေပညာရှင်များ၊ ဥပဒေသိလိုသူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှ ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယရှေ့နေချုပ်ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာသန်းအောင်စိုးရဲ့ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website မှလွှင့်တင်ထားရာမှာ Font မတူသဖြင့်ရှာမရသည့်နေရာကို ကြုံတွေ့နေရသဖြင့် မည်သည့် Font အသုံးပြုထားပါသလဲ။ လက်ကိုင်ဖုန်းများတွင် အသုံးပြုထားတဲ့ Zaw Gyi Font ဖြင့်ရှာဖွေနိုင်ရန် လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိ၊ ပြဋ္ဌာန်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထပ်မံဖြည့်စွက်ခြင်းကို ရှေ့နေချုပ်ရုံးမှဆောင်ရွက်ပါသလား၊ သက်ဆိုင်ရာဝန်ကြီးဌာနမှဆောင်ရွက်ပါသလားနဲ့ပတ်သက်လို့ မေးမြန်းတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးမှုပိုမိုကောင်းမွန်လာရေးနဲ့ ဥပဒေအချက်အလက်များကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးတို့ကိုရည်ရွယ်ပြီးတော့ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ကိုရီးယားသမ္မတနိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့အကူအညီနဲ့ မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေများကိုပြည်သူများက Internet Website မှတစ်ဆင့်သော်လည်းကောင်း၊ လက်ကိုင်ဖုန်းများမှတစ်ဆင့်သော်လည်းကောင်း အလွယ်တကူရှာဖွေကြည့်ရှုနိုင်ဖို့အတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်မှာ Myanmar Code Volume-1 ကနေပြီးတော့ 13 ထိပါတဲ့ ဥပဒေတွေကို ၁၉၅၅ ခုနှစ်ကနေပြီးတော့ ယနေ့ထိ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ၊ အဲဒီဥပဒေတွေကနေထုတ်ပြန်ခဲ့တဲ့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအပါအဝင် တစ်ဆင့်ခံဥပဒေတွေကို မြန်မာနိုင်ငံပြန်တမ်းမှလည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှလည်းကောင်း အတတ်နိုင်ဆုံးပြည့်စုံအောင် ရှာဖွေစုဆောင်းပြီးတော့တင်ပြတဲ့အပြင် ဥပဒေသမိုင်းကြောင်းကိုသိရှိနိုင်ဖို့အတွက် ရုပ်သိမ်းပြီးတဲ့ဥပဒေများကိုလည်း ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဥပဒေတစ်ခုချင်းအလိုက်ရှာဖွေတဲ့နေရာမှာ မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်၊ ပြင်ဆင်တဲ့အကြိမ်အရေအတွက်၊ ပြင်ဆင်သည့်ခုနှစ်၊ အကြောင်းအရာစသည့်အချက်အလက်များကိုလွယ်လင့်တကူကြည့်ရှုနိုင်ဖို့အတွက် ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ မြန်မာဥပဒေ သတင်းအချက်

အလက်စနစ် ပထမစာမျက်နှာ(Home Page)မှာ ခေါင်းစဉ်ကြီး ၁၀ ခုဖြင့် ခွဲခြားဖော်ပြထားပါတယ်။ အဲ့ဒါတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဆင့်ခံဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ဆင့်ခံဥပဒေများ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ စီရင်ထုံးများ၊ ဇယား သို့မဟုတ် ပုံစံများဖြင့် အခြားဆိုပြီးတော့ ခေါင်းစဉ်ကြီး ၁၀ ခုခွဲခြားပြီးတော့ တင်ပြထားပါတယ်။ အဲဒီခေါင်းစဉ်တွေအရ မိမိရှာဖွေလိုတဲ့ အကြောင်းအရာခေါင်းစဉ်ကို ဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ခေတ်အလိုက် ရွေးချယ်ကြည့်ရှုနိုင်သဖြင့် မိမိရှာဖွေလိုတဲ့ ဥပဒေနဲ့သက်ဆိုင်တဲ့နည်းဥပဒေတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်၊ ကြော်ငြာစာတွေစတဲ့ တစ်ဆင့်ခံဥပဒေများကို အလွယ်တကူရှာဖွေကြည့်ရှုနိုင်ပြီဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိလွှင့်တင်ထားတဲ့ မြန်မာဥပဒေသတင်းအချက်အလက်က အစိုးရဝန်ကြီးဌာနနှင့်အဖွဲ့အစည်းမှာ ရုံးသုံးအနေဖြင့် အသုံးပြုလျက်ရှိတဲ့ Myanmar3 Font ဖြင့် ဖော်ပြထားခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ နိုင်ငံမှာ လက်ကိုင်မိုဘိုင်းဖုန်းများအသုံးပြုသူများအနေနဲ့ Zaw Gyi Font ကို အသုံးများတဲ့အတွက်ကြောင့် ဥပဒေအချက်အလက်များရှာတဲ့နေရာမှာ အခက်အခဲရှိကြောင်း ကျွန်တော်တို့ ကြားသိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ အခက်အခဲကိုဖြေရှင်းနိုင်ဖို့အတွက် ကိုရီးယားနိုင်ငံက IT ပညာရှင်များနဲ့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ Zaw Gyi Font ဖြင့် ရှာဖွေအသုံးပြုနိုင်ဖို့အတွက် ကိုရီးယား IT ပညာရှင်များနဲ့ စမ်းသပ်ဆောင်ရွက်တဲ့အခါမှာ စက်တင်ဘာလ ၁၀ ရက်နေ့ကစပြီးတော့ မြန်မာသတင်းအချက်အလက်များကို Myanmar3 Font အပြင် Zaw Gyi Font ဖြင့်လည်း မိုဘိုင်းဖုန်းများမှာ ရှာဖွေကြည့်ရှုနိုင်ပြီဖြစ်ပါတယ်။ Post Test ပိုင်းအနေနဲ့လည်း Myanmar Font အပြင် Zaw Gyi Font ဖြင့်အဆင်ပြေစွာ သုံးစွဲကြည့်ရှုနေပြီဖြစ်ပါတယ်။ မြန်မာဥပဒေသတင်းအချက်အလက် လည်ပတ်မှုရေရှည်တည်တံ့ခိုင်မြဲဖို့နဲ့ အချက်အလက်တွေအသုံးပြုမှု များပြားလာစေရန်ရည်ရွယ် ပြီးတော့ ရှေ့နေချုပ်ရုံးနဲ့ ကိုရီးယားသမ္မတနိုင်ငံ အစိုးရဥပဒေပြုဝန်ကြီးဌာနတို့ကြားမှာ မြန်မာဥပဒေသတင်းအချက်အလက်လုပ်ငန်းလည်ပတ်ရေးကော်မတီဖွဲ့စည်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ကိုလည်း အောက်တိုဘာလ ၃၀ ရက်နေ့မှာ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီ ဖြစ်ပါတယ်။ ပြဌာန်းဥပဒေတွေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်များနှင့်တကွ လုပ်ထုံးလုပ်နည်းများကို တစ်ပြေးညီဆောင်ရွက်ဖို့အတွက် ဖြည့်စွက်တဲ့နေရာမှာ လည်းပဲ Myanmar MMIS Website မှာ ရှေ့နေချုပ်ရုံးက ဆက်လက်ပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ တစ်ဆင့်ခံဥပဒေနဲ့ ပတ်သက်ပြီးတော့လည်းပဲ ပြည်ထောင်စုရှေ့နေချုပ်ရုံးက သက်ဆိုင်ရာဝန်ကြီးဌာနတွေအားလုံးကို ဆက်သွယ်ညှိနှိုင်းပြီးတော့ တောင်းခံထားပါတယ်။ အဲဒီသက်ဆိုင်ရာဌာန များကပေးပို့လာတဲ့အခါ အချက်အလက်တွေရော၊ ပြန်တမ်းမှာရှာဖွေရတဲ့အချက်အလက်တွေရောကို ပူးပေါင်းပြီးတော့ ကျွန်တော်တို့စိစစ်ပြီးတော့ ထည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။ အသစ်ထပ်မံပြီးတော့ ဥပဒေများ

ပြင်ဆင်သည့်ဥပဒေများကိုလည်း MMIS Website မှာ သက်ဆိုင်ရာကဏ္ဍအလိုက် စစ်ဆေးခြင်း၊ ထည့်သွင်းခြင်း၊ တည်းဖြတ်ခြင်းများကိုလည်း ဝန်ထမ်းများထားရှိနိုင်ရန် ရှေ့နေချုပ်ရုံးက ဖွဲ့စည်းပုံ သေချာမရှိသော်လည်း ရှေ့နေချုပ်ရုံးမှာရှိတဲ့ ဦးစီးဌာနမှာရှိတဲ့ လက်ရှိအင်အားကနေပြီးတော့ ထုတ်နုတ်ပြီး သင့်တော်တဲ့အရာရှိများ၊ ဝန်ထမ်းများနဲ့ အဖွဲ့ဖွဲ့ပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်း ဆောင်ရွက်တဲ့အဖွဲ့ကတော့ Data Input နဲ့အဖွဲ့ဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ မြန်မာဥပဒေသတင်းအချက်အလက်စနစ်များကို အချိန်နှင့် တစ်ပြေးညီတင်ပြနိုင်ရန် ကြိုးပမ်းပြီးတော့ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မန်တုံမြို့နယ်၊ နမ့်ဟိုင်းကျေးရွာအုပ်စု၊ နမ့်ဟိုင်းကျေးရွာ(မိုင်းမော်ဒေသ)အား လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ယနေ့ကျင်းပတဲ့ အစည်းအဝေးမှာ ကျွန်မမဲဆန္ဒနယ်ဖြစ်တဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ နမ့်ဟိုင်းကျေးရွာအုပ်စု၊ မိုင်မော်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမယ့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းမိုးပဲ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်၊ ကျွန်မမဲဆန္ဒနယ် မန်တုံ မြို့နယ်မှာ ကျေးရွာပေါင်း ၁၅၃ ရွာရှိပြီးတော့ အမှန်တကယ် လျှပ်စစ်မီးရရှိသည့် မြို့ပေါ်ရပ်ကွက် လေးခုသာရှိပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)တွင် နိုင်ငံသူနိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို တိတိကျကျပြဋ္ဌာန်းထားသော်လည်း ကျွန်မမြို့နယ်မှာရှိတဲ့ မြို့နယ်ရဲ့ လျှပ်စစ်မီးရရှိမှုအခြေအနေကိုကြည့်ခြင်းအားဖြင့် တန်းတူညီမျှမှုဘယ်လောက်ရှိလဲဆိုတာကို သိနိုင်ပါ တယ်။ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းကစပြီး အခုအချိန်အထိ လျှပ်စစ်မီးရရှိနိုင်ရေးနှင့် ပတ်သက်ပြီးတော့ ပြည်ပချေးငွေတွေနဲ့ ဆောင်ရွက်တဲ့ လျှပ်စစ်မီးလင်းရေးစီမံချက်မှာလည်း ကျွန်မတို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတာမတွေ့ရပါဘူး။ ဒါပေမဲ့ လျှပ်စစ်မီးမရရှိတဲ့ တောင်ပေါ် ဒေသတွေက ချေးငွေတွေပေးဆပ်နေရပါတယ်။ မြို့ပြကြီးတွေ လျှပ်စစ်မီးထိန်ထိန်လင်းဖို့ ကျွန်မတို့ တောင်ပေါ်ဒေသကလူတွေက လက်ဖက်ခြံပေါက်ပြီး မီးလင်းအောင်လုပ်ပေးနေရသလို ဖြစ်နေပါ တယ်။ ဥက္ကဋ္ဌကြီးရှင်၊ ယခု ကျွန်မ လျှပ်စစ်မီးလင်းရေးအတွက် တင်ပြသွားတဲ့ကျေးရွာဆိုလို့ရှိရင် နမ္မတူမြို့မှ တရုတ်ကိုသွယ်တန်းသွားတဲ့ Gas Pipe လိုင်း ဖြတ်သန်းသွားတဲ့ရွာဖြစ်သလို ရွှေလီ ဓာတ်အားလိုင်း ဖြတ်လျှောက်သွားတဲ့ ကျေးရွာလည်းဖြစ်ပါတယ်။ ကျေးလက်ပြည်သူများရဲ့ မြေယာ တွေစွန့်လွှတ်လိုက်ရပေမဲ့လည်း ကျေးရွာအုပ်စုတစ်ခုလုံး မီးမရပါဘူး။ ထို့အပြင် ဘဏ္ဍာခွဲဝေတဲ့ အခါမှာ အိမ်ခြေ၊ လူဦးရေ၊ နယ်မြေအေးချမ်းမှုရှိ/မရှိ၊ ဒါတွေကိုအခြေခံပြီး ခွဲဝေချထားနေသရွေ့က တော့ တန်းတူညီမျှမှုဆိုတာ ဘယ်တော့မှရလာမှာမဟုတ်ပါဘူး။ မြို့နေလူတန်းစားသားသမီးများ လျှပ်စစ်မီးရောင်အောက်မှာ စာကျက်ရသလို ကျွန်မတို့ဒေသမှာရှိတဲ့ ဆင်းရဲသားကျေးလက်ပြည်သူ များရဲ့ သားသမီးများမှာလည်း မီးရောင်အောက်မှာစာကျက်ချင်တာမို့ ကျွန်မအနေဖြင့် လျှပ်စစ်မီး

လိုအပ်နေတဲ့ ပြည်သူများအားလုံးကိုယ်စား ယနေ့မေးခွန်းကို ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ နမ့်ဟိုင်းကျေးရွာဟာ အိမ်ထောင်စု ၁၀၆ စုခန့် နေထိုင်လျက်ရှိပြီး လက်ရှိအခြေအနေမှာ ဆိုလာစနစ်နဲ့ မီးသုံးစွဲနေတဲ့ ကျေးရွာဖြစ်တဲ့အကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါကျေးရွာဟာ မန်တုံမြို့နယ်အတွင်းမှာ တည်ရှိနေသော်လည်း တောတောင်ထူထပ်တဲ့အတွက်ကြောင့် လက်ရှိလျှပ်စစ်ဓာတ်အားရရှိနေတဲ့ မန်တုံမြို့မှ နမ့်ဟိုင်းကျေးရွာကို လျှပ်စစ်ဓာတ်အားသွယ်တန်းပေးနိုင်ရန် အခြေအနေကိုစိစစ်ကြည့်တဲ့အခါမှာ မန်တုံကနေ နမ့်ဟိုင်းကျေးရွာထံသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်တဲ့၊ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းမရှိတဲ့အတွက်ကြောင့် ၃၃/၁၁ ကေဗွီ မန်တုံဓာတ်အားခွဲရုံထံမှ နမ့်ဟိုင်းကျေးရွာထံသို့ ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ရာ အဆင်ပြေမှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ နမ့်ဟိုင်းကျေးရွာ(မိုင်းမော်ဒေသ)အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၅၂ ရွာနှင့် အိမ်ထောင်စု ၁၄၉၅ စုခန့်အား ဓာတ်အားစနစ်မှ ဗို့အားပြည့်ဝစွာနဲ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကျွန်တော်တို့ ဆက်လက်စဉ်းစားတဲ့အခါမှာ တွေ့ရှိချက်အား Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျာ။ လက်ရှိတည်ဆောက်နေတာကတော့ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာမှာ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် လက်ရှိတည်ဆောက်ဆဲ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ နမ့်ဖတ်ကာဓာတ်အားခွဲရုံထံမှနေပြီးတော့ မန်တုံမြို့နယ်အတွင်းက နမ့်ဟိုင်းကျေးရွာထံသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၇ မိုင်တည်ဆောက်ပြီးတော့ နမ့်ဟိုင်းကျေးရွာအုပ်စုနားမှာ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးခြင်းကသာ နည်းပညာအရ အဆင်ပြေမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ နမ့်ဖတ်ကာ-နမ့်ဟိုင်း ၆၆ ကေဗွီဓာတ်အားလိုင်း ၃၇ မိုင်တည်ဆောက်ခြင်းနှင့် နမ့်ဟိုင်းကျေးရွာမှာ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံသွားမှာဖြစ်ပြီး ဘဏ္ဍာငွေရရှိသည့်အခါမှာ အကောင်အထည်ဖော်တည်ဆောက်ပေးသွားမှာဖြစ်ပါကြောင်းနှင့် နမ့်ဟိုင်း ၆၆ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးသည့်အခါမှာ နမ့်ဟိုင်းကျေးရွာအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လိုအပ်သော ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများအား ပြည်နယ်အစိုးရရဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေးအတွက်ကို ထည့်သွင်းလျာထားပေးဖို့ ရှမ်းပြည်နယ်

အစိုးရထံ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွှေ့နေချုပ်ရုံးက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မာန်အောင်မြို့နယ်မြို့ပေါ်(၅)ရပ်ကွက်နှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းထားပြီးသော ကျေးရွာအုပ်စု(၁၂)အုပ်စုရှိ ကျေးရွာ(၅၇)ရွာအား လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် တစ်မြို့နယ်လုံးရှိ ကျေးရွာများအား ၂၀၁၈-၂၀၁၉ ခုနှစ်များအတွင်း မီးပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့မာန်အောင်မြို့ပေါ်ရှိရပ်ကွက်ငါးခုနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းထားပြီး လျှပ်စစ်မီးမပေးနိုင်သေးတဲ့ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ ကျေးရွာပေါင်း ၅၇ ရွာအား မီးရရှိရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် တစ်မြို့နယ်လုံးရှိ ကျေးရွာများအား ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း လျှပ်စစ်မီးပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား ဒီမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရခိုင်ပြည်နယ်ဟာ ကျွန်တော်တို့နိုင်ငံမှာ ဒုတိယအဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဆင်းရဲဆုံးပြည်နယ်ထဲမှာမှ ကျွန်တော်တို့မာန်အောင်မြို့နယ်ဟာ ဝေးလံခေါင်သီဒေသရှားပါးစရိတ်ခံစားခွင့်ပြုထားတဲ့ မြို့နယ်တစ်ခုဖြစ်လို့ ပိုပြီးဆင်းရဲပါတယ်။ မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၃၇ ရွာရှိတဲ့ မြို့နယ်တစ်ခုပါ။ လူဦးရေအားဖြင့် ၆၅၀၀၀ ကျော် နေထိုင်လျက်ရှိတဲ့မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ယခုကျွန်တော်တို့မာန်အောင်မှာ မြို့ပေါ်(၅)ရပ်ကွက်နှင့် မြို့အနီးမှာရှိတဲ့ ကုန်းတန်းရွာတစ်ရွာရဲ့တစ်ဝက်ပဲ တစ်နေ့မှာ မီးခြောက်နာရီ ရရှိပါတယ်။ ညနေ ၆ နာရီ ၁၅ မိနစ်မှ ညနေ ၁၀ နာရီ ၁၅ မိနစ်အထိ လေးနာရီနဲ့ နံနက် ၄ နာရီ ၁၅ မိနစ်မှ နံနက် ၆ နာရီ ၁၅ မိနစ်အထိ နှစ်နာရီလျှပ်စစ်မီးရရှိကြပါတယ်။ လျှပ်စစ်မီးတိုင်စိုက်ထားတဲ့ကျေးရွာ ၅၇ ရွာဟာ မီးတိုင်စိုက်ထားတာ နှစ်နှစ်ကျော်ရှိခဲ့ပေမဲ့ ယနေ့အထိ လျှပ်စစ်မီးကို မမြင်ရသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာ မြို့နယ် ၁၇ မြို့နယ်ရှိပါတယ်။ မြို့နယ် ၁၇ မြို့နယ်မှာ ၁၆ မြို့ဟာ ၂၄ နာရီလျှပ်စစ်မီးရရှိနေကြပါပြီ။ လျှပ်စစ်မီးတစ်နေ့ခြောက်နာရီရရှိတဲ့မြို့ဟာ ကျွန်တော်တို့မာန်အောင်မြို့တစ်ခုပဲ ကျန်ပါတော့တယ်။ မြို့နယ်(၅)ရပ်ကွက်နှင့် ကုန်းတန်းကျေးရွာတစ်ဝက်ရှိ နေအိမ်များကို 500 KVA မီးစက်နှစ်လုံးနဲ့ မီးပေးနေတာကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းဟာ ကျွန်တော်တို့နိုင်ငံထဲမှာ အရှည်လျားဆုံးနဲ့ အလှပဆုံးသဘာဝပင်လယ်ကမ်းခြေအလှရှိတဲ့ကျွန်းတစ်ကျွန်းပါ။ လွှတ်တော်နဲ့ နိုင်ငံတော်အစိုးရက လည်း ကျွန်တော်တို့မာန်အောင်ကျွန်းပေါ်မှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလုပ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ။ ဒါပေမဲ့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှာ အဓိကကျတဲ့ လျှပ်စစ်မီးဟာ ယနေ့အထိမရရှိသေးပါဘူး။ ပြည်သူများကလည်း လျှပ်စစ်မီးရရှိဖို့ပြောလို့ ရွာတွေ၊ အိမ်တွေမှာရှိတဲ့ သစ်ပင်၊ အုန်းပင်တွေကို ခုတ်လိုက်ပြီး လျှပ်စစ်မီးတိုင်တွေ စိုက်ခွင့်ပေးထားခဲ့ကြပါတယ်။ လျှပ်စစ်မီးတိုင်တွေစိုက်ပြီး လျှပ်စစ်မီး မရရှိတာ နှစ်နှစ်ကျော်ကြာခဲ့ပါပြီ။ ကျွန်တော်လည်း ဒီကျေးရွာတွေကို မသွားရဲလောက်အောင် ဖြစ်နေ ပါပြီ။ ဒါကြောင့် မြို့ပေါ်(၅)ရပ်ကွက်နှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းထားပြီးတဲ့ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ ကျေးရွာ ၅၇ ရွာနဲ့ မာန်အောင်တစ်ကျွန်းလုံးကို မီးဘယ်အချိန်မှာပေးမယ်ဆိုတာကို သိရှိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်မှာ မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ ပြီးတော့ ကျေးရွာပေါင်း ၁၃၇ ရွာတည်ရှိနေပြီးတော့ လက်ရှိမြို့ပေါ်ရပ်ကွက်ငါးခုနှင့် မြို့နှင့် တစ်ဆက် တစ်စပ်တည်းတည်ရှိနေတဲ့ ကုန်းတန်းရွာအထိ အိမ်ထောင်စု ၁၀၀၂ စုအား ၅၀၀ ကေဗွီအေ ဒီဇယ် ဓာတ်အားပေးစက်နှစ်လုံးဖြင့် ဝန်ကြီးဌာနက တစ်ရက်လျှင် လေးနာရီ ဓာတ်အားပေးစက် မောင်းနှင် ရန်အတွက်လည်းကောင်း၊ မီးလင်းရေးကော်မတီက တစ်ရက်ကို နှစ်နာရီ ဓာတ်အားပေးစက်ကို မောင်းနှင်ရန်လည်းကောင်း စီစဉ်ပြီးတော့ စုစုပေါင်း တစ်ရက်လျှင် ခြောက်နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိတာဖြစ်ပါတယ်။ မာန်အောင်မြို့ဟာ ကျွန်းမြို့တစ်ခုဖြစ်နေ ပြီးတော့ ပင်လယ်ပြင်ကို ဖြတ်သန်းပြီးမှ သွားလာရတဲ့အနေအထား ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ရခိုင်ပြည်နယ်မှာ လက်ရှိရောက်ပြီးဖြစ်တဲ့ ဓာတ်အားစနစ်ကနေပြီးတော့ ဓာတ်အားလိုင်းတွေ သွယ်တန်းပြီး လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ အလွန်အခက်အခဲရှိတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဓာတ်အား စနစ်ကနေ ဓာတ်အားရရှိသုံးစွဲနေတဲ့မြို့များနည်းတူ မာန်အောင်ကျွန်းမှာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ဖို့အတွက်ကို ပြည်ထောင်စုဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်ကနေစပြီးတော့ အာရုံစိုက်စဉ်းစား ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီအတွက် ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကို စဉ်းစားခဲ့တာရှိပါတယ်။ နည်းလမ်းပေါင်းငါးခု စဉ်းစားခဲ့ပါတယ်ခင်ဗျား။ ရေအားလျှပ်စစ်နဲ့ ဆောင်ရွက်နိုင်မယ့်နည်းလမ်း ရှိ/မရှိ၊ လေအားလျှပ်စစ်နဲ့ဆောင်ရွက်နိုင်မယ့်နည်းလမ်းရှိ/မရှိ၊ သဘာဝဓာတ်ငွေ့ကို သုံးပြီးတော့

ဓာတ်အားပေးစက်တည်ထောင်ပြီး ဓာတ်အားပေးမယ်ဆိုရင် အဆင်ပြေ/မပြေ၊ ပင်လယ်ကိုဖြတ်ပြီးတော့ ပင်လယ်ရေအောက်ကနေပြီးတော့ ဓာတ်အားလိုင်းတွေ မြှုပ်နှံပြီးမှ တည်ဆောက်ရင် အဆင်ပြေ/မပြေ၊ နေအားလျှပ်စစ်ကိုသုံးပြီးတော့မှ ဓာတ်အားပေးနိုင်ရင် အဆင်ပြေ/မပြေ စတဲ့ နည်းလမ်းတွေကို စဉ်းစားပြီးတော့ ဖြစ်နိုင်ခြေရှိ/မရှိနဲ့ ကုန်ကျစရိတ်တွေကို ချင့်ချိန်နှိုင်းယှဉ်စဉ်းစားခဲ့ပါတယ်။ အဲဒီနောက်မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရယ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့အတူ ကိုရီးယားကုမ္ပဏီ Posco Daewoo Corporation တို့ပူးပေါင်းပြီးတော့ မာန်အောင်မြို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် နည်းပညာဆိုင်ရာဆန်းစစ်လေ့လာမှုတွေကို အသေးစိတ်ထပ်မံဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ထိုအခါမှာ နည်းလမ်းငါးမျိုးအနက်ကနေပြီးတော့ ဆိုလာရယ်၊ ဒီဇယ်ရယ်၊ စွမ်းအင်သိုလှောင်မှုစနစ်တို့ပေါင်းစပ်ထားတဲ့ Hybrid System ဟာ အသင့်တော်ဆုံးဖြစ်တယ်ဆိုပြီး ဆန်းစစ်လေ့လာတွေ့ရှိခဲ့ရတာဖြစ်ပါတယ်။

မာန်အောင်မြို့နယ်တစ်ခုလုံးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးဖို့ဆိုရင်တော့ အဆင့်သုံးဆင့်ပိုင်းခြားပြီး ဆောင်ရွက်မှသာ တိုးတက်မှုကိုရရှိမယ်လို့ သုံးသပ်တွေ့ရှိပါတယ်။ အဆင့်(၁)အနေနဲ့ ဆိုလာဓာတ်အားပေးစက်ရုံ 0.5 Mega Watt ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအတွင်း ဆောင်ရွက်သွားရန် စိစဉ်ထားရှိပါတယ်။ လက်ရှိ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ဓာတ်အားပေးနေတဲ့ အိမ်ထောင်စုတွေကို ဆိုလာရယ်၊ ဒီဇယ်ရယ်၊ စွမ်းအင်သိုလှောင်မှုပေါင်းစပ်စနစ်နဲ့ ၂၄ နာရီဓာတ်အားဖြန့်ဖြူးပေးသွားနိုင်မယ့်အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် ယခင်က ခြောက်နာရီမီးလင်းတဲ့အဆင့်ကနေပြီးတော့ ၂၄ နာရီဓာတ်အားရရှိမယ့်အဆင့်ကို အဆင့်(၁)အနေနဲ့ စတင်ဆောင်ရွက်သွားနိုင်မယ်ဖြစ်ပါတယ်။ အဆိုပါ အဆင့်(၁)အတွက် စီမံကိန်းကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ၂.၅ သန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။ ထိုကုန်ကျငွေကို ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့ ကိုရီယားကုမ္ပဏီ Posco Daewoo Corporation ရဲ့ CSR ရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးဖို့ ညှိနှိုင်းထားပြီးဖြစ်ပါတယ်ခင်ဗျား။ စီမံကိန်းတည်ဆောက်နိုင်ဖို့အတွက် မာန်အောင်မြို့ ခအုန်းမော်ကျေးရွာအုပ်စုအနီးမှာ ကွင်းအမှတ်(၈၅၉-ခ)မှာ မြေလွတ်၊ မြေရိုင်း ၁၅ ဧကအား စီမံကိန်းဆောင်ရွက်ဖို့ သင့်တော်တဲ့မြေနေရာအဖြစ် ရွေးချယ်ခဲ့ပြီးတော့ မြေသုံးစွဲခွင့်ရရှိရေးအတွက် ၂၁-၈-၂၀၁၈ ရက်နေ့မှာ ပြည်နယ် မြေယာကော်မတီမှတစ်ဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၊ နေပြည်တော်သို့ မြေအသုံးပြုခွင့်ရရှိရေး လျှောက်ထားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ကျန်ရှိတဲ့ ကျေးရွာတွေ ဓာတ်အားရရှိနိုင်ရန်အတွက် အဆင့်(၂)ကို ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဆင့်(၂)ကို ဆောင်ရွက်ဖို့အစီအစဉ်ကိုတော့ ကိုရီးယားနိုင်ငံ KOICA ထံကနေ ချေးငွေရရှိရေး အဆိုပြုဆောင်ရွက်မယ်လို့ လောလောဆယ်လျာထားပါတယ်။ ချေးငွေရရှိရေးအတွက်ကိုလည်း အဆင့်ဆင့်ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ချေးငွေရရှိခဲ့မယ်ဆိုရင် နောက်ထပ်ဆိုလာ 2.5 MW ကို ၂၀၂၀ ခုနှစ်မှာ စတင်ဆောင်ရွက်နိုင်မယ်လို့ မျှော်မှန်းထားပြီးတော့ ၂၀၂၁ ခုနှစ်မှာ Hybrid System နဲ့ ကျေးရွာ ၅၇ ရွာ၊ အိမ်ထောင်စု ၄၉၃၈ စုကို ၂၄ နာရီဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။ အဆင့်(၃)အနေနဲ့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီးတော့

မာန်အောင်ကျွန်းပေါ်မှာကျန်ရှိတဲ့ အိမ်ထောင်စု ၁၉၁၀ စုကို လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ စီမံသွားမှာဖြစ်ပါတယ်။ လက်ရှိစီမံကိန်းအဆိုပြုမြေနေရာ ၁၅ ဧကဟာ အဆင့်(၁)နှင့် အဆင့်(၂)အတွက်သာလုံလောက်မှုရှိတဲ့အတွက်ကြောင့် အဆင့်(၃)ကို ဆက်လက်ဆောင်ရွက်ဖို့အတွက်တော့ မာန်အောင်ကျွန်းရဲ့တောင်ဘက်ပိုင်းမှာ မြေနေရာထပ်မံရွေးချယ်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒီအတွက်တော့မြေနေရာရရှိထားခြင်းမရှိသေးပါဘူး။ စီမံကိန်းတစ်ခုလုံးပြီးဆုံးသွားမယ်ဆိုရင်တော့ မာန်အောင်မြို့နယ်တစ်ခုလုံးကို လျှပ်စစ်ဓာတ်အားပေးဖို့ 4 MW နဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ဓာတ်အားလိုင်းတွေကြိုတင်တည်ဆောက်ပြီးတာဖြစ်တဲ့အတွက်ကြောင့် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက်ကို ကျွန်တော်တို့ကြိုးစားဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ယခုမေးခွန်းနဲ့ပတ်သက်ပြီး အဆင့်(၁)နဲ့တင်ပြထားတဲ့အဖြေဟာ ကတိကဝတ်အဖြစ် မှတ်တမ်းတင်ပေးဖို့နဲ့အဆင့်(၂)နဲ့ အဆင့်(၃)ဟာ အနာဂတ် Plan ကို လျာထားချက်မျှသာဖြစ်ပြီး ချေးငွေရရှိမှုကိုလည်း Commitment မရသေးတဲ့အတွက်ကြောင့် မိမိတို့ရဲ့အနာဂတ် Plan ကို တင်ပြခြင်းဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုတစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါ။ ဒုတိယဝန်ကြီးက အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းကို မောဂဝတီကျွန်းလို့ခေါ်ပါတယ်။ မောဂဝတီဆိုတာက မိုးများတဲ့အရပ်ဒေသလို့ အဓိပ္ပာယ်ရပါတယ်။ ကျွန်တော်တို့မာန်အောင်မှာ တစ်နှစ်ကို မိုးရေချိန်လက်မ ၂၀၀ ကျော်ရွာသွန်းတဲ့ ကျွန်းတစ်ကျွန်းပါ။ မိုးရာသီမှာ ရက်သတ္တပတ်တစ်ပတ်လောက်အထိ နေရောင်ခြည်နဲ့ အလင်းရောင် မရနိုင်အောင် မိုးဆက်တိုက်ရွာတဲ့နေ့တွေရှိပါတယ်။ နေရောင်ခြည်နဲ့အလင်းရောင်မရရင် လျှပ်စစ်ရရှိရေးအတွက်ဟာ အခက်အခဲတွေ ဖြစ်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာရှိတဲ့ကျွန်းတစ်ကျွန်းပါ။ ပင်လယ်လေဟာ တစ်နာရီ ၆ မိုင်နှုန်းနဲ့အထက် နေ့စဉ် ၂၄ နာရီ ဆက်တိုက်တိုက်ခတ်နေပါတယ်။ ဒီလို အမြဲတိုက်ခတ်နေတဲ့ သဘာဝပင်လယ်လေကို အသုံးပြုပြီး ကျန်တဲ့ကျေးရွာ ၈၀ ကို လေအားလျှပ်စစ်လုပ်ပေးရင် ရနိုင်/မရနိုင် သိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားပေးပါရန် မေတ္တာရပ်ခံပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လေအားလျှပ်စစ်နဲ့ဆောင်ရွက်ခြင်းဟာ ဖြစ်နိုင်တဲ့နည်းလမ်းတစ်ခုဖြစ်ပါတယ်။ လေ့လာထားတာတော့ရှိပါတယ်ခင်ဗျား။ သို့ရာတွင် လေအားလျှပ်စစ်နဲ့တည်ဆောက်မယ်ဆိုလို့ရှိရင် လေအား Wind တာဘိုင်တစ်ခုကို တည်ဆောက်ရုံနဲ့ မလုံလောက်ပါဘူး။ မာန်အောင်ကျွန်းပေါ်မှာ Wind တာဘိုင်ပေါင်းများစွာကို အုန်းပင်၊ ထန်းပင်၊ အုန်းတော၊ ထန်းတောကြီးများကဲ့သို့ ကျွန်းကြီး

အပြည့်တည်ဆောက်ရမှာဖြစ်တဲ့အတွက်ကြောင့် မြေနေရာပြဿနာများစွာ ဖြစ်ပေါ်လာနိုင်မယ့် အနေအထားတစ်ခုရှိတာ ရှိပါတယ်။ ဒါဟာ အခက်အခဲလေးတစ်ခုပါ။ ဒုတိယအချက်ကတော့ လေအား လျှပ်စစ်နဲ့တည်ဆောက်တဲ့အချိန်မှာ ရင်းနှီးမြှုပ်နှံရမယ့် ကုန်ကျစရိတ်ဟာ 1 MW ထုတ်ဖို့ရာ အတွက်ကို အမေရိကန်ဒေါ်လာ ၄ သန်းခန့်ကုန်ကျမှာဖြစ်တဲ့အတွက် အဆိုပါဘတ်ဂျက်ကုန်ကျမယ့် ကုန်ကျစရိတ်မြောက်မြားစွာကို ဆက်လက်ဖြေရှင်းရမယ့်ကိစ္စရပ်တစ်ခုလည်း ရှိတာဖြစ်ပါတယ်။ မိုးများတဲ့အရပ်ဒေသဖြစ်တဲ့အတွက်ကြောင့် တစ်နေ့တာမှာ မိုးရာသီကာလမှာ နေရောင်ခြည်ရရှိမှု အားနည်းမယ်ဆိုတာကိုလည်း ကျွန်တော်တို့သုံးသပ်ထားပါတယ်။ ဒီအတွက်ကြောင့် ဝန်ကြီးဌာနရဲ့ အဖြေမှာ နေရောင်ခြည်ရယ်၊ ဒီဇယ်ဓာတ်အားပေးစက်ရယ်၊ မြန်မာနိုင်ငံမှာ တည်ရှိမှုမရှိသေးသော စွမ်းအင်သိုလှောင်မှုစနစ်(Energy Saving System-ESS System)ကိုပါ ပေါင်းစပ်စဉ်းစားထားပါ ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းဘူး(စကု)မြို့နယ်၊ မန်းရေနံမြေမှ ကုန်တင်ကုန်ချအလုပ်သမားများ လုပ်အားခပြည့်ဝစွာပေးနိုင်ရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန်းရေနံမြေမှ ကုန်တင်ကုန်ချလုပ်သား များ လုပ်အားခပြည့်ဝစွာရရှိနိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်မှာ မန်းရေနံမြေနှင့် ထောက်ရှာပင်ရေနံမြေ ဆိုပြီးရှိပါတယ်။ အဲဒီမှာ ရေနံမြေက ကုန်တင်ကုန်ချအလုပ်သမားတွေက လုပ်အားခပြည့်ဝစွာမရရှိတဲ့ အတွက် အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်ဆိုပြီးတော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေကို လှမ်းပြီးတော့ အကြောင်းကြားတယ်။ တွေ့ဆုံခွင့်တောင်းတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ကျွန်တော် ဒီအလုပ်သမားတွေနဲ့ သွားတွေ့ပြီးတော့ ဘာတွေအခက်အခဲရှိသလဲလို့ စုံစမ်းတဲ့အခါမှာ ၁၃-၇-၂၀၁၈ ရက်နေ့က အလုပ်သမားတွေနဲ့ တွေ့ဖြစ်ခဲ့ပါတယ်။ အဲဒီမှာ တွေ့တဲ့အခါမှာ အလုပ်သမားတွေက တစ်နေ့လုပ်မှ တစ်နေ့စားရတာဖြစ်ပြီးတော့ လုပ်ခလစာနှင့် ပတ်သက်ပြီး ယခင်က တစ်နေ့လုပ်အားခ ၂၅၀၀ နှုန်းလို့ သတ်မှတ်တဲ့အချိန်တုန်းက ကျွန်တော်တို့ တစ်နေ့ကို ၂၂၀၀ နှုန်းနဲ့ ရရှိပါတယ်တဲ့။ အဲဒီနောက် လုပ်ခတွေတက်လာတဲ့အခါမှာ တစ်နေ့ ၃၆၀၀ နှုန်းနဲ့ သတ်မှတ်တဲ့အခါမှာတော့ ၃၄၀၀ နှုန်းနဲ့ရှင်းပေးတယ်။ အခု မကြာသေးမီက တစ်နေ့လုပ်အားခ ၄၈၀၀ လို့ သတ်မှတ်လိုက်တဲ့အခါမှာ ဒီ ၃၄၀၀ ကနေပြီးတော့ တိုးပေးဖို့ ခေတ်ကာလနှင့်လျော်ညီတဲ့ လုပ်အားခရဖို့အတွက် တိုးတောင်းတဲ့အခါမှာ မူလကပေးခဲ့တဲ့ ၃၄၀၀ တောင်မပေးတော့ဘဲနဲ့ ၂၁၀၀ ပဲ ပေးမယ်ဆိုပြီးတော့ ၂၁၀၀ ပဲပေးခဲ့ပါတယ်။ အဲဒါ ၂၀၁၈ ခုနှစ် မတ်လကစပြီးတော့ ၂၁၀၀ နှုန်းနဲ့ပဲ ရှင်းပေးခဲ့တယ်။ တကယ်တော့ ကျွန်တော်တို့ ဖြစ်သင့်တာက ၄၈၀၀ နှုန်းလို့ သတ်မှတ်လိုက်

သော်လည်းပဲ တိုးမပေးနိုင်သေးရင်တောင်မှပဲ ၃၄၀၀ နှုန်းနဲ့ ရှင်းပေးသွားရင် သူတို့မှာတော့ စားဝတ်နေရေးအတွက် အခက်အခဲရှိသော်လည်းပဲ မဆိုးသေးဘူးဆိုပြီး ပြောပါတယ်။ ဒါကြောင့် ကျွန်တော်က ဒီအလုပ်သမားတွေနဲ့ တွေ့ဆုံပြီးတဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား ဝန်ကြီးနဲ့ သွားတွေ့တဲ့အခါမှာလည်း သေချာရေရာတဲ့ အဖြေကိုမရခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်အထိအောင် ဒီမေးခွန်းရောက်ရှိလာခြင်းဖြစ် ပါတယ်။

စုံစမ်းကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့နေ့စားလုပ်သားတွေကို MOGE ကတင် ခိုင်းတာမဟုတ်ဘူးတဲ့။ MPI ကလည်း ခိုင်းတယ်တဲ့။ MPI ကလည်းခိုင်းတဲ့အခါမှာလည်း လုပ်အားခကို ပြည့်ပြည့်ဝဝမရဘူး။ MPI က ပိုက်လိုင်းတွေရှင်းဖို့ဆိုပြီးတော့ ကျွန်တော်တို့ တစ်နေ့ကို ၁၄ ယောက် ပေးရတယ်။ ကားဆိုင်းဆိုပြီးတော့ တစ်နေ့ကို ၁၂ ယောက်ပေးရတယ်တဲ့။ အဲဒီမှာ ၁၂ ယောက်ခကိုပဲ MPI က ရှင်းပြီးတော့ ၁၄ ယောက်ခကိုတော့ မရှင်းဘူးလို့ ကျွန်တော်တို့ကို ရှင်းပြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီလုပ်သားခတွေနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးဘတ်ဂျက်ကနေ ပြီးတော့ ဘတ်ဂျက်စီမံခန့်ခွဲပြီးပေးတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် ကျွန်တော်က တိကျတဲ့ အဖြေမရတဲ့အတွက် ကျွန်တော်တို့ ၁၃ ရက်နေ့မှာတွေ့ပြီးတော့ ဒီကြားထဲမှာ ဇူလိုင်လ ၂၄ ရက်နေ့မှာ ဒီမေးခွန်းကို တင်ခဲ့ခြင်းဖြစ်ပါတယ်။ အခု ဟိုနေ့က ဒီမေးခွန်းမေးဖို့အတွက် ကျလာပြီဆိုတော့ သက်ဆိုင်ရာ အလုပ်သမားတွေကိုလှမ်းပြီးတော့ ချိတ်ဆက်တဲ့အခါမှာ ၁၀ လပိုင်းကနေစပြီးတော့ အခုအချိန်အထိအောင် တစ်လခွဲနီးပါးလောက် တစ်နေ့လုပ်အားခ ၃၀၀၀ နှုန်းနဲ့ ရှင်းပေးပြီလို့ ပြောပါတယ်။ သို့သော်လည်းပဲ မူလက ၃၄၀၀ ပေးတဲ့ နှုန်းတောင်ပဲမရသေးဘူး။ တကယ်တော့ အဲဒီနှုန်းနဲ့ဆိုရင်တောင်မှပဲ ကျွန်တော်တို့ အလုပ်သမားတွေက ဆင်းရဲနွမ်းပါးတဲ့အတွက် အဆင်မပြေ နိုင်သေးဘူး။ သတ်မှတ်ထားတဲ့ ၄၈၀၀ နှုန်းရမှသာလျှင် သူတို့အတွက် အဆင်ပြေမှာပါလို့ ပြောပါတယ်။ ဒါကြောင့် မလုပ်တဲ့နေ့မှာ နေ့စားလုပ်သားဖြစ်တဲ့အတွက် ပုံမှန်ဝန်ထမ်းတွေလို ပုံမှန် လစာပေးလို့မရဘူးလို့ တချို့က ပြောပါတယ်။ သို့သော်လည်းပဲ အလုပ်သမားတွေက ဘာပြောလဲ ဆိုတော့ အလုပ်ဆင်းတဲ့နေ့မှာ ဒီလုပ်ခကိုပြည့်ဝအောင်ပေးရင် ကျွန်တော်တို့ ကျေနပ်ပါတယ်။ အလုပ်မဆင်းတဲ့နေ့မှာ မပေးလည်းရပါတယ်လို့ ပြောပါတယ်။ သို့သော် ဒီနေ့စားလုပ်သားတွေလို့ ပြောသော်လည်းပဲ ဒီရေနံမြေအတွက် ခေါ်တဲ့အချိန်မှာ ကျွန်တော်တို့ အမြဲတမ်းအလုပ်ဆင်းနိုင်ဖို့ အတွက် ခေါ်တဲ့အချိန်မှာ အမြဲတမ်း အဆင်သင့်ရုံးမှာထိုင်နေရတယ်။ ထိုင်နေရုံတင်မဟုတ်ဘူး။ အမြဲတမ်းလည်း ကျွန်တော်တို့ အလုပ်ဆင်းနေရတယ်လို့လည်း ပြောပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ နေ့စား လုပ်သားတွေ ဆင်းနေရတဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။ ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချလုပ်ငန်းတင် မဟုတ်ပါဘူး။ ကားဆိုင်းတွေရော၊ သံပိုက်တွေ၊ ဒီလုပ်ငန်းတွေရောပါ အားလုံး ခိုင်းတဲ့လုပ်ငန်းမှန်သမျှ အကုန်လုံးလုပ်ပေးရတယ်လို့ ပြောပါတယ်။ ဒါကတော့ ကျွန်တော်တို့ လုပ်ငန်းအချို့တစ်ဝက်ကိုပဲ တင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ မန်းရေနံမြေမှ ဆင်းရဲသား ကုန်တင်ကုန်ချ အလုပ်သမားတွေအတွက် လုပ်အားခပြည့်ဝစွာရရှိနိုင်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေး

သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေမှ ကုန်တင်ကုန်ချလုပ်သားများရဲ့ လုပ်အားခနှုန်းထားများကို ပေးချေခြင်းကိစ္စနဲ့ပတ်သက်တဲ့မေးခွန်းမှာ အဆိုပါလုပ်သားများဟာ နေ့စားလုပ်သားများအဖြစ် စီစဉ်ဆောင်ရွက်ထားခြင်းမဟုတ်ပါကြောင်း ပထမဦးစွာ ကွဲပြားအောင် ရှင်းလင်းတင်ပြလိုတာ ဖြစ်ပါတယ်ခင်ဗျား။ အဆိုပါလုပ်သားများကို လုပ်ငန်းရှိတဲ့အချိန်မှာ လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ကုန်တင်ကုန်ချဆောင်ရွက်ဖို့ ပုတ်ပြတ်လုပ်သားအနေနဲ့သာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆောင်ရွက်ရတဲ့ကုန်တန်ချိန်အပေါ်မှာ တန်ချိန်နဲ့တွက်ပြီးတော့မှ တန်ချိန်အလိုက် လုပ်အားခကို ပေးချေနေတဲ့စနစ်ဖြစ်ပါတယ်။ အဆိုပါဝန်ထမ်းတွေကို လုပ်ငန်းလုပ်ကိုင်တဲ့တန်ချိန်အပေါ်မှာ သတ်မှတ်ထားတဲ့လုပ်အားခနှုန်းထားဟာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေကနေ ပြီးတော့ မြို့နယ် ကုန်တင်ကုန်ချဦးစီးဌာန မြို့နယ်ဦးစီးမှူးထံကို ချက်လက်မှတ်နဲ့ လုပ်အားခတွေကို ပေးချေရတာ ဖြစ်ပါတယ်။ မြို့နယ်ဦးစီးမှူးရဲ့ စီမံခန့်ခွဲမှုနဲ့ ပေးချေလိုက်တဲ့လုပ်အားခတွေကိုမှ တန်ချဝန်ထမ်းဦးရေနဲ့စားပြီး အချိုးကျ ခွဲဝေပြီး ၁၅ ရက်လျှင် တစ်ကြိမ် ထုတ်ပေးနေတဲ့စနစ်ကို မြို့နယ် ကုန်တင်ကုန်ချဦးစီးဌာန မြို့နယ်ဦးစီးမှူးကနေ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်ခင်ဗျား။ ဒီ့အတွက်ကြောင့် အမှန်တကယ်မှာတော့ တစ်ရက်နှင့်တစ်ရက် လုပ်အားခရရှိမှုနှုန်းထားဟာ တူညီမှု မရှိနိုင်ပါဘူး။ ဒီကနေ့မှာ ချရတဲ့ ကုန်ပစ္စည်းအမျိုးအစား၊ တန်ချိန်ပမာဏအပေါ်မှာမူတည်ပြီး ပေးချေရတဲ့ပမာဏနဲ့ နောက်တစ်နေ့မှာ ဆောင်ရွက်ရတဲ့လုပ်ငန်းပမာဏအလိုက် ဒါ ဌာနတွေဘက်ကနေ ပေးချေသွားတာဖြစ်ပါတယ်။ သို့ပါ၍ လစဉ်ရငွေများဟာ တစ်တန်နှုန်းထားတွက်ချက်မှုဟာ ယခင်က ရုံးချုပ်ကနေသတ်မှတ်ထားတဲ့ နှုန်းနဲ့ တွက်ချက်ပေးချေနေရတာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလကနေ ပြီးတော့ စက်တင်ဘာလ ခြောက်လဘဏ္ဍာရေးနှစ်အတွင်းမှာ သယ်ပို့ကိုင်တွယ်စရိတ် ဘတ်ဂျက်ရရှိမှု အခြေအနေရယ် မဖြစ်မနေလုပ်ငန်းများဆောင်ရွက်ရန်ရှိတဲ့အခါကျမှသာ လုပ်ငန်းတွေအပ်နှံ ဆောင်ရွက်တဲ့အခါမှာ၊ ကုန်တင်ကုန်ချတန်ချိန်ပမာဏနည်းပါးတဲ့အခါမှာ ကုန်တင်ကုန်ချလုပ်သား တစ်ဦးရဲ့ တစ်ရက်ပျမ်းမျှရရှိတဲ့ငွေဟာ ၂၁၀၀ ကျပ်နှုန်း သွားဖြစ်နေခဲ့တာဖြစ်ပါတယ်။ တကယ်တမ်း တော့ နေ့တွက်နဲ့ ပေးချေနေခြင်းမဟုတ်ဘဲနဲ့ တန်ချိန်နဲ့ ပေးချေနေခြင်းဖြစ်ပါတယ်ခင်ဗျား။

ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းတူးဖော်တဲ့လုပ်ငန်း နည်းပါးလို့ရှိရင် ပစ္စည်းတွေကို အတင်အချကိုင်တွယ်စရိတ်ပေးချေရတာ နည်းပါးသွားတာဖြစ်ပါတယ်။ အလားတူပဲ ဘတ်ဂျက်ရရှိမှု

နည်းပါးတဲ့အခါမှာလည်း ကျွန်တော်တို့ လုပ်ငန်းနည်းပါးသွားတဲ့အခါမှာ ပေးချေနိုင်တဲ့ လုပ်ငန်းကုန်ကျစရိတ်လည်း နည်းပါးလာတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသအသီးသီးမှာရှိတဲ့ လုပ်ငန်းသုံးပစ္စည်းတွေကို ကုန်တင်ကုန်ချလုပ်အားခနှုန်းထားတွေကို ကျွန်တော်တို့ ဒီထက်ပိုပြီးတော့တိုးမြှင့်ပေးနိုင်ဖို့ဆိုပြီး ဌာနဘက်ကလည်း စဉ်းစားပါတယ်။ ဒီအတွက်ကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ဒေသအသီးသီးမှာရှိနေတဲ့ လုပ်ငန်းသုံးပစ္စည်းတွေရဲ့ကုန်တင်ကုန်ချနှုန်းထားတွေကို သက်ဆိုင်ရာမြို့နယ်များမှာရှိတဲ့ ဒေသန္တရပေါက်ဈေးနှုန်းများနှင့်လည်းနှိုင်းယှဉ်ပြီးတော့မှ ကွဲပြားခြားနားတဲ့ ကုန်ပစ္စည်းအမျိုးအစားအလိုက် တစ်တန်အတွက် ကုန်တင်ကုန်ချလုပ်အားခတွေကို သင့်တော်တဲ့နှုန်းထား တိုးမြှင့်ပြင်ဆင်သတ်မှတ်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဆိုပါနှုန်းထားပြင်ဆင်သတ်မှတ်နိုင်မှုကို အတည်ပြုချက်တွေရရှိအောင် ယခု ၂၀၁၈ ခုနှစ်အတွင်းမှာ ဆောင်ရွက်လျက်ရှိပြီးတော့ ၁-၁-၂၀၁၉ ရက်နေ့ကစပြီးတော့ နှုန်းသစ်များနဲ့ စတင်ပေးချေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါရန် လေးစားစွာဖြင့် တောင်းခံအပ်ပါတယ်။ ကျွန်တော် ပထမမေးခွန်းမှာလည်း ပါပြီးဖြစ်ပါတယ်။ တင်တုန်းကလည်း ဒီအချက်အလက်တွေကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ တကယ်တော့ ဒုတိယဝန်ကြီးဖြေသွားတဲ့ အဖြေနဲ့ လက်တွေ့ မြေပြင်မှာဖြစ်နေတဲ့အခြေအနေနဲ့က လုံးလုံးကြီး ဆန့်ကျင်ကွဲလွဲနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဒီအလုပ်သမားတွေရဲ့ ပြောပြချက်အရကိုပဲ သူတို့ဟာ ပုတ်ပြတ်လည်းမဟုတ်ဘူး။ တန်ချိန်နဲ့ လုပ်အားခရှင်းပေးတာလည်း မဟုတ်ဘူး။ တိကျတဲ့အဖြေအတိုင်း အခု ဝန်ကြီးရှင်းပြသွားသလိုပဲ တစ်နေ့လုပ်ရတဲ့ လုပ်ငန်းအပေါ်မှာမူတည်ပြီးတော့ တန်ချိန်နဲ့ ရှင်းမယ်ဆိုရင်လည်း ကျွန်တော်တို့ ဖြူစင်တဲ့ဆင်းရဲသားအလုပ်သမားတွေအနေနဲ့က ကျေနပ်ပါတယ်တဲ့။ ကျွန်တော်တို့ မလုပ်ဘဲနဲ့လည်း လုပ်ခကိုမလိုချင်ပါဘူးလို့ သူတို့ပွင့်ပွင့်လင်းလင်းပြောပါတယ်။ လုပ်တဲ့လုပ်အားခအပေါ်မှာလည်း တန်ရာတန်ကြေးကို ကျွန်တော်တို့ လိုချင်ပါတယ်လို့ ပြောပါတယ်။ အခု ဝန်ကြီးရှင်းပြသွားသလိုပဲ။ တကယ်တော့ နေ့စားမဟုတ်ဘူး။ ပုတ်ပြတ်ဖြစ်တယ်။ တန်ချိန်နဲ့ရှင်းပေးရတဲ့အလုပ်သမားတွေလို့ ပြောသွားတယ်။ တကယ်တော့ မြေပြင်အခြေအနေမှာ အဲဒီလိုမဟုတ်ပါဘူး။ မနေ့ကပဲ ကျွန်တော် ဖုန်းလှမ်းဆက်မေးတဲ့အခါမှာ နေ့စားအနေနဲ့ တစ်နေ့ကို နဂိုက ၂၀၀၀ နှုန်းနဲ့ရှင်းခဲ့သော်လည်းပဲ အခုတော့ တစ်နေ့ကို ၃၀၀၀ နှုန်းနဲ့ တွက်ပြီးမေးမယ်ဆိုပြီးတော့ ပြောလာတယ်တဲ့ အလုပ်ကကျတော့လည်း ဝန်ကြီးပြောသွားသလိုပဲ တစ်ခါတလေမှာတော့ ပင်ပန်းတယ်။ တစ်ခါတလေမှာတော့ သက်သာတယ်။ သို့သော်လည်းပဲ နှုန်းက ဒီ ၃၀၀၀ နှုန်း၊ ၃၀၀၀ နှုန်းပဲ သတ်မှတ်ပေးသွားမယ်လို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ ဒီဥစ္စာကတော့ ဝန်ကြီးဖြေသွားတဲ့အဖြေနဲ့ မြေပြင်အခြေအနေနဲ့ ကွဲလွဲနေပါတယ်။ ဒါကြောင့် ဒီလိုကွဲလွဲနေတဲ့အခါမှာ မြေပြင်အခြေအနေနဲ့ကွာဟမှုတွေကို သေချာစုံစမ်းစစ်ဆေးပြီးတော့ အလုပ်သမားတွေရဲ့

လုပ်အားခကို ပြည့်ဝစွာရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအဖြေမှာပဲ ပြည့်စုံ တိတိကျကျမှန်မှန်ကန်ကန်ဖြေဆိုထားပြီးဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနဲ့ အဆိုပါကုန်တင်ကုန်ချလုပ်ငန်းကို တန်ချိန်နှင့်သာ ပေးချေခြင်းဖြစ်ပါတယ်။ စာရင်းဇယားများအရလည်း ထိုကဲ့သို့သာ ဆောင်ရွက်တာဖြစ်ပါတယ်။ သို့ရာတွင် ဖြေကြားချက်မှာပါရှိနေတဲ့ မြို့နယ်ကုန်တင်ကုန်ချဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှတစ်ဆင့် ပေးချေခြင်းဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ကိစ္စမှာ မြို့နယ်ဦးစီးမှူး ဘက်ကနေပြီးတော့ ဆောင်ရွက်မယ့်အစီအစဉ်ကတော့ မိမိတို့ဌာနရဲ့ စီမံခန့်ခွဲမှုမဟုတ်တဲ့အတွက် ကြောင့် အဆိုပါအကြောင်းအရာနှင့်ပတ်သက်ပြီးကတော့ ဝန်ကြီးဌာနအနေနဲ့ ဖြေရှင်းပေးနိုင်ခြင်း၊ ဖြေကြားပေးနိုင်တာမရှိပါကြောင်း၊ ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာနည်းလမ်းနဲ့ ဆောင်ရွက်မယ့် ကိစ္စရပ်ကတော့ ယခု ပေးချေနေတဲ့ ကုန်တင်ကုန်ချ တန်ချိန်တန်နှုန်းများကို ပိုမိုသင့်တော်တဲ့ဈေးနှုန်း သို့ ပြင်ဆင်သတ်မှတ်ပေးပြီးတော့ ၁-၁-၂၀၁၉ ရက်နေ့ကနေစတင် ပေးချေသွားမယ်ဆိုတဲ့ဟာကို ထပ်လောင်းရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**မုံရွာမြို့ တိုင်းဆေးရုံကြီး ဆောက်လက်စ (၅)ထပ်အဆောက်အဦ အပြီးသတ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် ဖြစ်ပြီး မုံရွာအထွေထွေဆေးရုံကြီး ထဲမှာရှိတဲ့ ဆောက်လက်စငါးထပ်အဆောက်အဦ လက်စသတ်ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးချခွင့်ပြုပါခင်ဗျား။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံအဆောက်အဦ မူလချထားတဲ့ပုံစံဟာ နှစ်ထပ်အဆောက်အဦ ပုံစံဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၈၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၁၂၀၀ စုစုပေါင်း ကျပ်သန်းပေါင်း ၂၀၀၀ နဲ့ ခွင့်ပြုချထားပေးခဲ့ခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ယင်းအချိန်ကာလက တာဝန်ယူခဲ့တဲ့ တာဝန်ရှိတဲ့လူတွေဟာ နှစ်ထပ်အဆောက်အဦ အစား ငါးထပ်အဆောက်အဦပြောင်းလဲဆောက်ခဲ့တဲ့အတွက် ပြည်သူတွေထည့်ဝင်ငွေ သန်းပေါင်း ၆၄၁.၃၄ သန်း ထည့်ဝင်သော်လည်းပဲ အဆောက်အဦကလက်စမသတ်နိုင်ဘဲ ရှိခြင်းဖြစ်ပါတယ် ခင်ဗျား။ အခုဆိုလို့ရှိရင် ဒီငါးအဆောက်အဦဟာ အကြမ်းထည်ရဲ့ ၈၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်နေဖြစ်နေ ဒီအဆောက်အဦကြီးဟာဆိုလို့ရှိရင် ပြည်သူတွေရဲ့ဘဏ္ဍာငွေနဲ့ ဆောက်လုပ်ခဲ့တာဖြစ်တဲ့အတွက် လက်စသတ်ဆောက်လုပ်ပေးဖို့ရန် လိုအပ်နေပြီဖြစ်ပါတယ်။ လက်စသတ်ဆောက်လုပ်မပေးနိုင်သေးဘူးဆိုလို့ရှိရင် ပြည်သူတွေရဲ့ဘဏ္ဍာငွေတွေဟာ အိပ်နေသလိုဖြစ်ပြီးတော့ ကျတော့ ပြည်သူတွေပဲ အသုံးမချနိုင်သေးတဲ့အတွက် နစ်နာနေမှာဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်ချက်က မုံရွာဆေးရုံကြီးထဲမှာရှိတဲ့ ဖျားနာဆောင်ဟာဆိုလို့ရှိရင် မျက်နှာကြက်တွေက ပြိုကျပြီးတော့ကျတော့ လူနာတွေမထားနိုင်ဘဲနဲ့ အန္တရာယ်ရှိအဆောင်အဖြစ် သတ်မှတ်ထားရပါတယ်။ အဲဒီအတွက် လူနာတွေဟာ အခန်းထဲမှာနေရာရဖို့ရန်အတွက်ကို တစ်ခါတလေမှာ အခက်အခဲဖြစ်ကြရပါတယ်။ ၂၀၁၇ ခုနှစ်ထဲမှာ ခုတင်အသုံးချမှုမှာ ၅၈၁ လုံးထိ တစ်ခါတလေမှာရှိခဲ့ပါတယ်။ ဥပမာတစ်ခုအနေနဲ့ မုံရွာမှာ စရိတ်မျှပေးအခန်းတွေရှိပါတယ်။ အဲဒီစရိတ်မျှပေးအခန်းတွေဟာ အခန်းတစ်ခန်းကို သုံးယောက်ကြပ်တည်းစွာနဲ့ မျှတပြီးနေထိုင်နေရပါတယ်။ အဲဒီအတွက် လူနာတွေ သက်တောင့်သက်သာ ချောင်ချောင်ချိချိနဲ့ တည်းခိုကုသနိုင်ရန်အတွက် ဒီငါးထပ်အဆောင်ကြီးဟာ အမြန်ပြီးစီးဖို့ရန် လိုအပ်နေပြီဖြစ်ပါတယ်ခင်ဗျား။ နောက် မုံရွာမြို့နယ်ဟာ လူဦးရေ ၃၇၀၀၀၀ တည်ရှိတဲ့ တိုင်းမြို့တော်ဖြစ်ခြင်း၊ နောက်ပြီးတော့ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းဆက်သွယ်ရေးလွယ်ကူခြင်း၊ နောက် မုံရွာမှာဆိုလို့ရှိရင် မုံရွာ(ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်)၊ နောက် စီးပွားရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ စက်မှုလက်မှုအထက်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ အားကစားသိပ္ပံကျောင်းစတဲ့ ကျောင်းပေါင်းစုံရှိတဲ့အတွက်လည်းပဲ နယ်ပေါင်းစုံမှ ကျောင်းသူကျောင်းသားတွေရှိတဲ့အတွက် လူဦးရေအင်မတန်ထူထပ်တဲ့ မြို့ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း လူဦးရေဟာ တိုးပွားလာမှာပဲဖြစ်ပါတယ်။ အဲဒီအတွက် ဒီမုံရွာမြို့မှာ ဂုဏ်သိက္ခာနဲ့တင့်တောင့်တင့်တယ်ဖြစ်မယ့် ငါးထပ်ဆေးရုံကြီးပြီးစီးဖို့ရန် လိုအပ်နေရခြင်းဖြစ်ပါတယ်။ သို့အတွက်ကြောင့် ဆောက်လက်စငါးထပ်ဆေးရုံကြီးကို ပြီးစီးဖို့ရန်အတွက် လက်စသတ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါသည်ရှင်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၏ တိုးချဲ့လူနာဆောင် ဆောက်လုပ်ရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလတွင် နှစ်ထပ်အဆောက်အဦအဖြစ်စတင်၍ ရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် ခွင့်ပြုခဲ့ပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီး၏ တိုးချဲ့လူနာဆောင် တည်ဆောက်ရေး

လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကော်မတီ ၇ ယောက်ဖွဲ့၍ ၁-၇-၂၀၁၄ ခုနှစ်မှစတင်၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဆေးရုံကြီး၏လူနာတက်ရောက်ကုသမှုများပြားခြင်း အခြေအနေအရ နှစ်ထပ်ဆောင်မှငါးထပ်ဆောင်သို့ ပြောင်းလဲဆောက်လုပ်ရန် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလအတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေါင်းစဉ်ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီး၏ တိုးချဲ့လူနာဆောင်အထပ်မြှင့်တင်မှုအရ ၂၀၁၄ ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလတွင် ဖြည့်စွက်ရန်ပုံငွေအဖြစ် ကျပ်သန်း ၆၀၀ ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလတွင် ကျပ်သန်း ၁၂၀၀ ကိုလည်းကောင်း ခွင့်ပြုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဒေသကြီးကြပ်ရေးကော်မတီ၏ စိစစ်မှုဖြင့် တင်ပြဆောင်ရွက်ခဲ့ကြပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီး၏ လူနာဆောင်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကာလတွင် စုစုပေါင်း နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀၀၀ နှင့် ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေ ၆၆၅.၇ သန်းတို့ဖြင့် တည်ဆောက်ခဲ့ရာ လုပ်ငန်းတစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းပြီးစီးမှုဖြစ်ပြီး မြို့ပြလုပ်ငန်းပြီးစီးမှာ ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာ ခုတင် ၅၀၀ ခန့်ဆေးရုံတည်ဆောက်ရေး၏ အစီရင်ခံစာအရ သိရှိခဲ့ရပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် လူနာဆောင်၏ စီမံကိန်းတန်ဖိုးအား ဒေသကြီးကြပ်ရေးကော်မတီ၏ စီမံကိန်းအင်ဂျင်နီယာမှ တွက်ချက်တင်ပြရာ ကျပ်သန်း ၅၉၀၀ ခန့်မှန်းတွက်ချက်မှုအား တင်ပြပြီး ထပ်မံလိုငွေမှာ ကျပ်သန်း ၃၂၃၄.၃ သန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီး၏ စီမံခန့်ခွဲရေးလုပ်ငန်းတန်ဖိုးတွက်ချက်တင်ပြရာတွင် မြို့ပြလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ ဓာတ်လှေကားလုပ်ငန်းနှင့် အခြားဆက်စပ်မှုလုပ်ငန်းများအတွက် တွက်ချက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီး၏ လုပ်ငန်းပြီးစီးမှုအခြေအနေအား စိစစ်ခဲ့ရာ မြို့ပြလုပ်ငန်းတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီး လုပ်ငန်းစီမံကိန်းတစ်ရပ်လုံး၏ ၄၅ ရာခိုင်နှုန်းပြီးစီးနေပါကြောင်း တွေ့ရှိရပါတယ်။ မုံရွာအထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့တည်ဆောက်မှုဖြင့် ပြည်သူလူထုအတွက် ကောင်းမွန်သောကုသရေးဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် တည်ဆောက်ရေးလုပ်ငန်း အပြီးသတ်တည်ဆောက်နိုင်ရန်အတွက် စီမံကိန်းလုပ်ငန်း၏ အရည်အသွေးကြီးကြပ်ခိုင်မှု၊ စီမံကိန်းလုပ်ငန်းများ လုပ်ငန်းဆိုင်ရာများအား ဌာနဆိုင်ရာကျွမ်းကျင်ပညာရှင်များမှ စစ်ဆေးခြင်း၊ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရန်အတွက် ရည်မှန်းချက်ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါသည်ရှင်။

**မံစီမြို့နယ်၊ မန်ဝိန်းကြီးကျေးရွာတွင် ပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မံစီမဲဆန္ဒနယ် ဦးချင်းဖေလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးချင်းဖေလင်း(မံစီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်းဖြစ်ပါတယ်။ ကျွန်တော့် ကချင်ပြည်နယ် မံစီမြို့နယ် မန်ဝိန်းကြီးဒေသမှာ တိုက်နယ်ဆေးရုံတစ်ရုံရရှိရေးနှင့် ပတ်သက်ပြီးမှ ကျွန်တော်တို့ ဒေသအခြေအနေတွေ၊ မြေပြင်အခြေအနေတွေ၊ ဒေသအခက်အခဲတွေ၊ အမှန်တကယ်လိုအပ်ချက်တွေကို ပြီးခဲ့တဲ့ ရက်ပိုင်းကသက်ဆိုင်ရာဝန်ကြီးဌာနနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်တဲ့အတွက် အကျယ်ဆွေးနွေးခြင်းမပြုတော့ပါဘူး။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်သက်ဆိုင်ရာဝန်ကြီးဌာနကိုမေးမြန်းလိုတာကတော့ ကျွန်တော်တို့ မံစီမြို့နယ် မန်ဝိန်းကြီးကျေးရွာလူထုများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ တိုက်နယ်ဆေးရုံတစ်ရုံ အမြန်ဆုံးဆောက်လုပ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ စတင်ဆောက်လုပ်ပေးမလဲဆိုတာကို ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ဗန်းမော်ခရိုင်၊ မံစီမြို့နယ် မန်ဝိန်းကြီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ အမြန်ဆုံးဆောက်လုပ်ပေးရန်အတွက် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။ မံစီမြို့နယ်တွင် လူဦးရေ ၇၁၇၁၇ ဦး နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောင့်မှုအနေဖြင့် ၂၅ ခုတင်ဆံ့မြို့နယ်ဆေးရုံတစ်ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာ အဆိုပါကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားနည်းလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ မန်ဝိန်းကြီးကျေးရွာကျေးလက်ကျန်းမာရေးဌာနပိုင်နယ်မြေမှာ အိမ်ခြေ ၃၅၀၁ အိမ်၊ လူဦးရေ ၁၉၀၂၂ ဦးရှိပါတယ်။ မန်ဝိန်းကြီးကျေးရွာကျေးလက်ကျန်းမာရေးဌာနအောက်တွင် စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခုရှိပါတယ်။ မန်ဝိန်းကြီးကျေးရွာကျေးလက်ကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုမှာ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အများဆုံး အထွေထွေဆေးခန်းသို့လာသော လူနာပေါင်းအများဆုံး ၁၂၄၀၈ ဦးနှင့် အနည်းဆုံး ၆၄၉၂ ဦး၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၆၄၉၂ ဦးတွေ့ရှိရပါတယ်။ အထက်အဆင့်သို့ လွှဲပြောင်းသောလူနာများမှာလည်း အများဆုံး ၁၃၂ ဦးမှ အနည်းဆုံး ၄၇ ဦးအထိ ပေးပို့ထားတာကို တွေ့ရှိရပါတယ်။ မန်ဝိန်းကြီးကျေးရွာကျေးလက်ကျန်းမာရေးဌာနသည် မံစီမြို့နယ်ဆေးရုံမှ မိုင် ၅၀ ကွာဝေးပြီး ခုတင်

၁၀၀ ဆံ့ နမ့်ခမ်းဆေးရုံမှ ၇ မိုင် မိနစ် ၃၀ ခန့် သွားလာရတာကိုတွေ့ရှိရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မန်ဝိန်းကြီးကျေးရွာပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ တင်ပြချက်များအရ ဩဂုတ်လ ၃၁ ရက်နေ့ ၂၀၁၈ ခုနှစ်၏ တင်ပြချက်များကို အသေးစိတ်လေ့လာဆွေးနွေးကြပြီး ဆောင်ရွက်နိုင်မည့်အနေအထားများကို စဉ်းစားခဲ့ကြပါတယ်။

အဲဒီလိုအသေးစိတ်ဆွေးနွေးတဲ့အခါမှာ အားသာချက်၊ အားနည်းချက်များကို တွေ့ရှိရပါတယ်။ အားသာချက်များအနေဖြင့် တရုတ်နိုင်ငံနယ်စပ် Cross Border Help System Coordination Cooperation အတွက် MO တိုက်နယ်ဆေးရုံတစ်ဦးလိုအပ်ခြင်း၊ Malaria Elimination 2020 အတွက် MO တစ်ဦးလိုအပ်ကြောင်း ကျွန်မတို့ တွေ့ရှိရပါတယ်။ MPT နှင့် TELENOR ဆက်သွယ်ရေး လိုင်းများရှိနေသဖြင့် ဆက်သွယ်ရေးပြတ်တောက်မှုမရှိကြောင်း ဒေသခံပြည်သူများအနေဖြင့် တိုက်နယ်ဆေးရုံဖြစ်ပေါ်လာစေရေးအတွက် ဆန္ဒပြင်းပြစွာရှိ၍ မြေဧက ၄.၀၅ ဧကအား စုပေါင်း ဝယ်ယူလှူဒါန်းပြီး ရေ၊ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်နိုင်ကြောင်းကို ကျေးဇူးတင်စွာသိရှိရပါ တယ်။ တရုတ်နယ်စပ်ဖြစ်သည့်အားလျော်စွာ Mobile Population ဆိုပြီး လူမျိုးစုံ၊ ဘာသာစုံ ကျန်းမာရေးပြဿနာ စုံလင်ပါကြောင်းနှင့် တိုက်နယ်အဆင့်တိုးမြှင့်ပေးမည်ဆိုပါက ဦးစားပေး ပထမ အဆင့်တွင်ရှိပြီး အမှန်တကယ်လိုအပ်ပါကြောင်း အစီရင်ခံတင်ပြထားတာကို တွေ့ရှိရပါတယ်။ အားနည်းချက်တစ်ရပ်ကတော့ ကျန်းမာရေးဝန်ထမ်းများအတွက် Border Issue များ၏ အခက်အခဲ အချို့ကို တင်ပြထားပါတယ်။ ကျွန်မအနေနဲ့ အသေးစိတ်မတင်ပြတော့ပါဘူး။ အနီးဆုံးဆေးရုံနှင့် အကွာအဝေး ၇ မိုင်ခန့်ရှိသော်လည်း ၁၂-၁၁-၂၀၁၈ ရက်နေ့မှာ ကျွန်မတို့နှင့်လာရောက် တာဝန်ရှိသူ များဆွေးနွေးတင်ပြချက်အရ တံတားပေါ်ဖြတ်သန်းခွင့်ကို ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ ကန့်သတ်ထားကြောင်းသိရှိရပါတယ်။ ကျန်းမာရေးနှင့်အာကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ဆန္ဒကို အစွမ်းကုန်ဖြည့်ဆည်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဖြည့်ဆည်းနိုင်ရန်အတွက် လိုအပ်သောဆရာဝန်များကို ရရှိရန်ဆောင်ရွက်နေတဲ့အချိန် ကာလဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ပြည့်စုံလုံလောက်နိုင်မည့်ကာလ တွင် မန်ဝိန်းတိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

မူကြမ်း

**အချိန်၊ ၁၁:၅၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိရေးသုံးစွဲမှု မြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသောင်းအေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး နှစ်လုံးစိတ်ဝမ်းအေးချမ်းကြပါပစေ။ မင်္ဂလာပါအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ပြီးတော့ အဆိုတစ်ရပ် တင်သွင်းမှာဖြစ်ပါတယ်။ Power Point နှင့်တင်ပြခွင့်ပြုပါ။ ကျွန်တော့်ရဲ့အဆိုကတော့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်တည်ဆောက်ရာမှာ ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)မှာ အခြေခံကျတဲ့ ကျေးလက်နေပြည်သူများရဲ့ လျှပ်စစ်မီးရရှိရေးသုံးစွဲမှုမြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖြစ်ပေါ်လာနိုင်အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဟာ အစိုးရတိုင်းအကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သလို ပြည်သူများလိုလားတောင့်တတဲ့ မျှော်လင့်ချက်လည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသူနိုင်ငံသားများရဲ့ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ရေးဟာ အစိုးရတိုင်းရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ လျှပ်စစ်စွမ်းအားကို နိုင်ငံသားတိုင်းရရှိသုံးစွဲရေးဟာ အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံတော်မှာ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ

နည်းပညာများအသုံးပြု ဖြန့်ဖြူးထုတ်လုပ်နိုင်ဖို့အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများနှင့် ပြည်ပအဖွဲ့အစည်းအသီးသီးမှ သက်သာတဲ့ချေးငွေများ ရယူဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီးတော့ ယခင်အစိုးရလက်ထက်မှာ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးနှင့် အကြံဉာဏ်ရယူပြီးတော့ ရေးဆွဲခဲ့တဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း NCTP ရဲ့ ပထမငါးနှစ်နှင့် ဒုတိယငါးနှစ်စီမံကိန်းတွေမှာ လျှပ်စစ်ကဏ္ဍကို ဦးစားပေးအဖြစ် ထားရှိခဲ့တာ တွေ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ကမ္ဘာ့ဘဏ်ရဲ့အကူအညီရယူပြီး အမျိုးသားလျှပ်စစ်စီမံကိန်း NEP ကို အကောင်အထည်ဖော်ဖို့ ၂၀၁၃ ခုနှစ်မှာစတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ ဒီစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။ အခု ဒီစီမံကိန်းကို အကောင်အထည်ဖော်ရာမှာ အခက်အခဲများစွာ ကျော်လွှားဆောင်ရွက်ရလျက်ရှိကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ တင်ပြချက်များအရ ကျွန်တော်တို့သိရှိခဲ့ရပြီး ဖြစ်ပါတယ်။ ဒါနှင့်တစ်ဆက်တည်းပဲ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးလက်မီးလင်းရေးကဏ္ဍမှာ လျှပ်စစ်ဓာတ်အားလိုင်းနှင့်ခွဲဝေရုံကို အကန့်အသတ်နဲ့သာ ဆောင်ရွက်ရတဲ့အတွက် ဓာတ်အားလိုင်းလျင်မြန်စွာ ရရှိလိုကြတဲ့ ကျေးရွာများအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ချက်ကို ဝန်ခံကတိပြုချက်နဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဝန်ကြီးဌာနရဲ့ စီမံချက်လုပ်ငန်းအစီအစဉ်များနှင့် လက်ရှိအခြေအနေတွေကို ထဲထဲဝင်ဝင်မသိသူအချို့က အပြစ်မြင်ပြီး အမျိုးမျိုးအပြစ်တင်ဝေဖန်တာလည်းရှိပါတယ်။ ဒီပေါ်မှာနိုင်ငံရေးအမြတ်ထုတ်ကြတာတွေလည်း ရှိပါတယ်။ ဥပမာအားဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိအောင် လက်ရှိအစိုးရကလုပ်ပေးမှာ၊ အလကားရမှာဆိုတဲ့ စကားတွေက ပြည်သူထံရောက်သွားတဲ့အခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်နေတဲ့ ကျေးလက်မီးလင်းရေးကော်မတီတွေရဲ့ လုပ်ဆောင်ချက်တွေဟာ ရပ်တန့်သွားသလို အခက်အခဲတွေလည်း ဖြစ်ကုန်ပါတယ်။ တကယ်တော့ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်တာဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့၊ ကမ္ဘာ့ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ ဆင်းရဲမွဲတေမှုအဆုံးသတ်စေဖို့၊ ကျေးလက်ဒေသလူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြည်သူလူထုက အစိုးရကို ကူညီဆောင်ရွက်ပေးတဲ့လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မှန်ကန်တည့်မတ်အောင် ပြည်သူ့ဘဝနှင့်အစိုးရယန္တရားကိုက်ညီအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိနိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာမယ်ဆိုရင် တစ်နိုင်ငံလုံး ကျေးရွာပေါင်း ၆၃၇၂၉ အနက်မှာ ဇူလိုင်လ စာရင်းအရ ကျေးရွာပေါင်း ၁၃၀၆၂ ရွာဟာ လျှပ်စစ်မီးရရှိပြီးဖြစ်ပါတယ်။ လျှပ်စစ်မီးမရသေးတာ ၅၀၆၆၇ ရွာရှိပါတယ်။ ဒီလျှပ်စစ်မီးရထားတဲ့ ကျေးရွာပေါင်း ၁၃၀၆၂ ရွာထဲမှာ ကျေးရွာ ၈၂၅၆ ရွာဟာ ရာခိုင်နှုန်းအားဖြင့် ၆၃ ရွာဟာ ကျေးလက်မီးလင်းရေးကော်မတီတွေရဲ့ ပူးပေါင်းဆောင်ရွက်ချက်နဲ့ လျှပ်စစ်မီးရရှိနေခြင်းပဲ ဖြစ်ပါတယ်။ ဒီကျေးရွာတွေက မိမိတို့ကျေးရွာတွေရဲ့ လူမှုစီးပွားရေးဘဝတိုးတက်စေဖို့အတွက် ရရှိပြီးသားဒေသတွေရဲ့ ဘဝနည်းတူ မိမိတို့ခံစားနိုင်အောင် ကူညီမြင့်မြတ်တဲ့စိတ်ဓာတ်နဲ့ ကြိုးစားဆောင်ရွက်ခဲ့ကြတာဖြစ်လို့ အစိုးရအဆက်ဆက်က အားပေးချီးမြှောက်ခဲ့ပါတယ်။ အစိုးရအနေနဲ့လည်း ဒီလို

လုပ်ငန်းဆောင်ရွက်ရာမှာ နည်းစနစ်ကျစေဖို့အတွက် မီးလင်းရေးလုပ်ငန်းလုပ်ပိုင်ခွင့် မူဝါဒတွေချမှတ်ပြီး ယခင်ကလိုက်နာဆောင်ရွက်ဖို့အချက် ၂၄ ချက်နှင့်ယခု ၁၂ ချက် ဝန်ခံကတိပြုချက် ရယူခွင့်ပြုပေးတာဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေးလုပ်ငန်းတွေကို ယခုလိုကျယ်ပြန့်စွာလုပ်ကိုင်နိုင်ခဲ့ပေမယ့် ဒီအဖွဲ့တွေရဲ့ ဖြတ်သန်းရတဲ့ အခက်အခဲတွေ များစွာရှိပါတယ်။ စည်းလုံးညီညွတ်တဲ့ ကျေးရွာတွေ၊ မီးလင်းရေးလုပ်ငန်းဟာ အေးဆေးတည်ငြိမ်စွာဖြစ်ထွန်းနေသော်လည်းပဲ မညီညွတ်တဲ့ ကျေးရွာတွေမှာ ပြဿနာများစွာရင်ဆိုင်ပြီး ရှေ့မတိုးနောက်မဆုတ်သာဖြစ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လိုအခြေနေမျိုးမှာဖြစ်ပါစေ။ ကျေးရွာပေါင်း ၁၃၀၀၀ မှာ ၈၀၀၀ ကျော်ဟာ မီးလင်းရေးကော်မတီရဲ့ ကြိုးပမ်းမှုကြောင့်ဖြစ်နေတာဖြစ်တဲ့အတွက် ဒါတွေဖွံ့ဖြိုးတိုးတက်အောင်ဆက်လုပ်ပါမယ်ဆိုတာ ငြင်းပယ်မရတဲ့ကိစ္စဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေးကော်မတီနဲ့ လုပ်ဆောင်ရာမှာ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ဌာနနှင့် ညှိနှိုင်းခွင့်ပြုချက်ရယူပြီးတော့ နီးစပ်ရာ ဓာတ်အားခွဲရုံကတစ်ဆင့် မိမိတို့ရွာအထိ သွယ်တန်းရမယ့် ဓာတ်အားလိုင်းနှင့် ရွာတွင်းဓာတ်အားလိုင်းတွေကို ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်ဓာတ်မီးယူရမည့်ရွာများနှင့် ညှိနှိုင်းပြီးဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဓာတ်အားလိုင်းအတွက် ကုန်ကျငွေပါဝင်တဲ့ ကျေးရွာအသီးသီးက အိမ်ခြေအလိုက်စုပေါင်းထည့်ဝင်ငွေ၊ ပြည်ပချေးငွေတွေစုစောင်းပြီး ပုဂ္ဂလိကကုမ္ပဏီများထံမှ လုပ်ငန်းအပ်နှံဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒီစုပေါင်းမတည်ထည့်ဝင်ငွေ ချေးငွေတွေကို ကျေးရွာလူထုက တဖြည်းဖြည်းပြန်လည်စုစောင်းပေးခြင်းအားဖြင့် မီးလင်းရေးကိုပါဝင်ကူညီဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ သဘောထားမတူကြတဲ့ ကျေးရွာအချို့အနေနဲ့ မီးလင်းရေးကော်မတီများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမရှိဘဲနဲ့ မီးသွယ်တန်းမှုမပြုလုပ်တာကိုလည်း တွေ့ရပါတယ်။ သို့သော်ယခုအခါမှာ မူလကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းစဉ်မှာ မပါဝင်ခဲ့တဲ့ ကျေးရွာများဟာ အများနည်းတူ ငွေကြေးထည့်ဝင်မှုမရှိဘဲနဲ့ လျှပ်စစ်မီးသွယ်တန်းခြင်းတွေကို ဆောင်ရွက်လာတဲ့အတွက် ကျေးရွာအုပ်စုအတွင်းမှာ ပြည်သူအချင်းချင်းမညီညွတ်မှု၊ ခိုက်ရန်ဖြစ်မှုတွေ၊ ဆန္ဒပြမှုတွေ၊ မှုခင်းဆိုင်ရာ တိုင်းတန်းမှုတွေဖြစ်ပွားလျက်ရှိပါတယ်။ ဥပမာအားဖြင့် ရမည်းသင်းက ရမည်းသင်းမြို့နယ် ရတန်းကျေးရွာအုပ်စုလေးရွာမှာ ကျေးရွာ၂၄ ရွာမှာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ပါတယ်။ ရွာတစ်ရွာက အချိုးကျထည့်ဝင်ငွေမထည့်တဲ့အပြင် မူလထည့်ဝင်ငွေကိုပြန်လည်ထုတ်ပြီးတော့ မီးလင်းရေးကော်မတီရဲ့သဘောတူညီချက်နဲ့ ခွင့်ပြုချက်မရယူဘဲနဲ့ လျှပ်စစ်မီးသွယ်တန်းခဲ့တဲ့အတွက် အမှုဖွင့်တိုင်တန်းမှုကို တင်ပြပါအတိုင်းတွေ့နိုင်ပါတယ်။ အလားတူပဲ ပျော်ဘွယ်၊ သာစည်နှင့် အခြားမြို့နယ်တွေမှာ ကျေးရွာအချို့မှာလည်း ဒီလိုတိုင်တန်းမှုတွေဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီမနက်ပဲ ဂျာနယ်တစ်စောင်မှာ ရေးထားတာတွေ့ရတာက မကွေးတိုင်းဒေသအတွင်းမှာ ယခုလို လျှပ်စစ်သွယ်တန်းမှုကို ကန့်ကွက်ဆန္ဒပြသူ ၅၀ ဦးကို အမှုဖွင့်အရေးယူထားတယ်လို့ သိရပါတယ်။ ဒီဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် ၂၀၁၄ ခုနှစ်ကထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၄၊ လျှပ်စစ်ဥပဒေအခန်း(၁၂) ပုဒ်မ ၅၂ မှာ တင်ပြပါအတိုင်း ခွင့်ပြုမိန့်ရရှိသူရဲ့ခွင့်ပြုချက်မရဘဲ မည်သူမှလျှပ်စစ်ဓာတ်အားကို သွယ်တန်းခွင့်၊ ရယူခြင်း၊ ပြန်းတီးခြင်း၊ အသုံးပြုခြင်းမပြုရလို့ ဖော်ပြထားပြီးတော့ နောက်ဆုံးထုတ်ပြန်ထားတဲ့ မီးလင်းရေးကော်မတီများရဲ့ ဝန်ခံကတိပြုလိုက်နာ

ဆောင်ရွက်ရန် အချက် ၁၂ ချက်၊ အပိုဒ် ၁၁ မှာလည်းပဲ မီးလင်းရေးအတွက် ဓာတ်အားရယူရာမှာ အခြားဝန်ကြီးဌာနအဖွဲ့အစည်း ပုဂ္ဂလိကပိုင်လိုင်းများမှ သွယ်ယူခြင်းဖြစ်ပါက သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့ရဲ့သဘောတူညီချက်ရယူမယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ ဒီဥပဒေနှင့်ညွှန်ကြားချက်ကို ကြည့်မယ်ဆိုရင် ကိုယ့်အားကိုယ်ကိုးမီးလင်းနေတဲ့ မီးလင်းရေးကော်မတီရဲ့ခွင့်ပြုချက်၊ သဘောတူညီချက်မရဘဲနဲ့ လျှပ်စစ်သွယ်တန်းခွင့်မရရှိနိုင်တာကို တွေ့ရပါတယ်။ သို့သော် ဒီနောက်ဆုံးညွှန်ကြားချက်ရဲ့ အပိုဒ် ၁၂ တင်ပြပါအတိုင်း အပိုဒ် ၁၂ မှာကတော့ ဒီဓာတ်အားပို့လွှတ်တဲ့အချိန်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို လွှဲပြောင်းပေးရမယ်၊ ဓာတ်အားချိတ်ဆက်မှုကိုလည်း ခွင့်ပြုပေးနိုင်တယ်ဆိုတဲ့ ဖော်ပြပြဋ္ဌာန်းချက်ပါရှိနေပါတယ်။ အဲဒီတော့ လျှပ်စစ်ဥပဒေပုဒ်မ ၂၂ ဝန်ခံချက်အပိုဒ် ၁၁ တို့နှင့်ဆန့်ကျင်နေပြီးတော့ ပယ်ဖျက်သလိုဖြစ်နေတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျေးရွာအသီးသီးမှာဖြစ်ပျက်နေတဲ့ ကျေးလက်မီးလင်းရေးပြဿနာများဟာ ဒီအမိန့်ညွှန်ကြားချက်အချက်များ မတူညီဖို့မှာအခြေခံပြီးတော့ မူလကကျေးလက်မီးလင်းရေးကော်မတီမှ လုပ်ဆောင်မှုများမှာ အကြောင်းကြောင်းကြောင့် မပါဝင်ခဲ့ရတဲ့ရွာတွေ ပါဝင်သော်လည်း အပြည့်အဝမပါဝင်ဘဲ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ အပိုဒ် ၁၂ အရ အစိုးရက ခွင့်ပြုပေးရင် ရတယ်ဆိုတဲ့ယူဆချက်နှင့် ပြန်လည်နုတ်ထွက်ခဲ့တဲ့ရွာတွေ ဒီရွာတွေဟာ ကျန်ကျေးရွာတွေမီးလင်းလာတဲ့အခါကျမှ အခုလို ခွင့်ပြုချက်မရယူဘဲနဲ့ မီးသွယ်တန်းခဲ့ကြလို့ ကျေးရွာအချင်းချင်းမှာ ညီညွတ်မှုတွေ၊ တိုင်တန်းမှုတွေ ဖြစ်ပွားနေပြီး ရပ်ရွာတည်ငြိမ်အေးချမ်းမှုကို ထိခိုက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေနှင့်အမိန့်ညွှန်ကြားချက်ကို ပြန်လည်လေ့လာသုံးသပ်ပေးဖို့ ကျွန်တော် တင်ပြလိုခြင်းပဲဖြစ်ပါတယ်။ လူသားခြင်းစာနာမှု၊ လူ့အခွင့်အရေးဒီလိုကြေးကြော်နေတဲ့ ယနေ့ခေတ်မှာ ပြည်သူများက ငွေကြေးစိုက်ထုတ်ကြိုးပမ်းထားတဲ့ လျှပ်စစ်ဓာတ်အားလိုင်းကို ဓာတ်အားပို့လွှတ်တဲ့နေ့မှာ ဝန်ကြီးဌာနကို လွှဲအပ်ရမယ်ဆိုတာက ကျေးလက်မီးလင်းရေးကော်မတီ ကျေးရွာသူ၊ ကျေးရွာသားများ ချေးငှားစိုက်ထုတ်ထားတဲ့ ကြွေးမြီတွေ၊ ချေးငွေတွေ ဒါတွေကို ဘယ်လိုပေးဆပ်မလဲ၊ ဘယ်သူကပေးဆပ်မှာလဲ မေးခွန်းထုတ်ကြည့်စေချင်ပါတယ်။

တကယ်တော့ 33 KVA၊ 11 KVA ဓာတ်အားလိုင်းတွေကို အစိုးရထံမှ အပ်နှံပြီး စီမံခန့်ခွဲလုပ်ဆောင်တာ အသင့်တော်ဆုံးပါ။ သို့သော်လည်းပဲ ကျေးလက်မီးလင်းရေး ကော်မတီတွေ စိုက်ထုတ်ချေးငှားဆောင်ရွက်ထားတဲ့ အခြေအနေရှိတဲ့အတွက် ဒီငွေကြေးတွေအပေါ်မှာ အတိုင်းအတာတစ်ခုအထိ၊ အခြေအနေတစ်ရပ်အထိ အဆင်ပြေအောင် ထည့်သွင်းစဉ်းစားပေးဖို့ တင်ပြလိုပါတယ်။ ဒ့ါအပြင် ကျေးရွာအများစုက မိမိတို့ချွေးနဲစာနှင့် ငွေကြေးစိုက်ထုတ်သွယ်တန်းထားတဲ့ လျှပ်စစ်ဓာတ်အားလိုင်းကို ဒီအမိန့်ညွှန်ကြားချက်ကို အကြောင်းပြုပြီးတော့ သက်ဆိုင်ရာအစိုးရဌာနရဲ့အားကိုရယူပြီးတော့ အခမဲ့လျှပ်စစ်သွယ်တန်းခြင်းဟာ လူသားချင်းစာနာမှုကင်းပြီးတော့ တရားမဲ့ပြုကျင့်သလို ဖြစ်မနေဘူးလား။ ဒါကို ဥပဒေပြုတဲ့ ကျွန်တော်တို့ လွှတ်တော်ကြီးက ဝိုင်းဝန်းစဉ်းစားအဖြေရှာပေးသင့်ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် ၇၀ ရာခိုင်နှုန်းက ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်မားလာဖို့အတွက် အဓိကဦးစားပေး ဆောင်ရွက်သင့်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လျှပ်စစ်စွမ်းအားကို တိုးတက်ရရှိအသုံးချ နိုင်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးရာမှာလည်း လက်ရှိအခြေအနေမှာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို အထောက်အကူပြုနေသေးတဲ့ ကျေးလက် မီးလင်းရေးလုပ်ငန်းတွေကို ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်ဖို့ လိုအပ်လျက် ရှိပါ တယ်။ ဒါကြောင့်မို့လို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိခိုက်နေစေတဲ့ ကျေးလက်မီးလင်းရေးမူဝါဒအချို့ကို စိစစ်ပြင်ဆင်ချမှတ်ပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှာတင်သွင်းဆွေးနွေးခွင့်ပြုပါရန် တင်ပြလျက် နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းအေးတင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ် ဦးသောင်းအေး တင်သွင်းသွားတဲ့ လျှပ်စစ်မူဝါဒ(၁၂)ချက်နဲ့ ပတ်သက်၍ ကျွန်တော့်အနေဖြင့် ထောက်ခံဆွေးနွေးပါ့မယ်။ ကျွန်တော့်အနေနဲ့ အဆိုနဲ့ပတ်သက်ပြီး မြေပြင်မှာလက်တွေ့ဖြစ်နေတဲ့ပြဿနာတွေကို အခြေခံပြီးဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ နိုင်ငံတော်ရဲ့အထောက်အပံ့မပါဘဲနဲ့ ရွာပေါင်း ၆၀ ကျော်မီးလင်းနေပါတယ်။ နိုင်ငံတော်ရဲ့ အထောက်အပံ့မပါဘဲ သိန်း ၂၀၀၀ ကျော်ထိ ကုန်ခဲ့တဲ့ရွာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့မြို့နယ်မှ ၁၀ ရွာ၊ ပျော်ဘွယ်မှ ၁၁ ရွာ အကုန်ကျခံပြီး 11 Lines ၁၁ မိုင်ကို နှစ်မိုင်အတွင်းဝင်အောင် ကိုယ့်အားကိုကိုးနဲ့ တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ပြီးတဲ့အချိန်မှာ ဒီ ၁၁ ရွာမှာမပါရှိဘဲနဲ့ ပျော်ဘွယ်မြို့နယ်က တွင်းရွာဟာ ၎င်းလိုင်းပေါ်မှ မီးချိတ်သွယ်တန်းပြီး မီးလင်းခဲ့ပါတယ်။ ဒါ့အတွက်လည်း ဒီ ၁၀ ရွာနဲ့ တစ်ရွာ ပြဿနာအကြီးအကျယ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျန်တဲ့ ၁၀ ရွာကတော့ အခုချိန်ထိ မီးလည်းမလင်းဘူး။ ကြွေးလည်းမကြေသေးပါဘူး။ ယခုလောလောဆယ်အနေဖြင့်လည်း ကျွန်တော့် မြို့နယ်မှာ ရွာလေးရွာခန့် မီးချိတ်ဆွဲရန်အတွက် ပြဿနာအများကြီးဖြစ်နေပါတယ်။ လောလောဆယ် အချင်းချင်း မီးလင်းရေးမူ(၁၂)ချက်မပြောင်းခင်က ညှိနှိုင်းမှုရှိခဲ့သော်လည်း မူဝါဒ(၁၂)ချက်ပြောင်းလဲ ပြီးတဲ့နောက်မှာ တစ်ဦးနှင့်တစ်ဦးပြဿနာဖြစ်နေပါတယ်။ နောင်တွင်လည်း အလားတူပြဿနာများ မီးလင်းရေးနဲ့ပတ်သက်၍ ဖြစ်နိုင်တဲ့အတွက် ဒီမီးလင်းရေးမူ(၁၂)ချက်ကို ပြန်လည်သုံးသပ်ပြီး စဉ်းစား သင့်ပါတယ်။ ဒါ့ကြောင့် ပျော်ဘွယ်မဲဆန္ဒနယ် ဦးသောင်းအေးတင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲ

ငယ် (၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်းမေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှုမြင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် (၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၅-၁၁-၂၀၁၈ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ ၁၇-၉-၂၀၁၈ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁၉-၉-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ဒေါက်တာထွန်းလင်းမော်၊ ကြံခင်းမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်း

နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၁၂)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၅) ချက်နဲ့စပ်လျဉ်း၍ သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်(၁၂)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်မာမာခိုင်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်ကို လွှတ်တော်သို့ လေးစားစွာတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်တဲ့ ၁၅-၆-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များနဲ့အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၉-၈-၂၀၁၈ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

၂။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ဖြစ်တဲ့ ၁၇-၉-၂၀၁၈ ရက် (တနင်္လာနေ့)မှာ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးတော့ ပြင်ဆင်ချက်အဆိုများကို ၁၉-၉-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ခဲ့ကြောင်း ကြေညာခဲ့သဖြင့် ကြံခင်းမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်က ပြင်ဆင်ချက်အဆို တင်သွင်းလာပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)နှင့် ဆက်သွယ်ညှိနှိုင်းခဲ့ပြီးတော့ ၁၀-၁၁-၂၀၁၈ ရက်(စနေနေ့)မှာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်ရှင်။

၄။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူညီဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက်မှ အချက်(၁၂) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကိုတော့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်ရှင်။

[အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် (၁၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၁၊ ၂၊ ၃ | အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၁) နှင့် (၂)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၁)နှင့်(၂) |
| (ခ) | ၅ | ၅၊ ၆၊ ၇ | အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၁၅အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(က)နှင့် (ခ) |
| (ဂ) | ၆ | ၉ | အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၆ အပိုဒ်ခွဲ(ဈ) |
| (ဃ) | ၇ မှ ၉ | ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ | အပိုဒ် ၃၂၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၇ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၁၂)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါ ရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တင်သွင်းချက်ကို သဘောတူညီပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် (၁၂)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၁၂)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၅)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူညီတဲ့အချက် (၅)ချက်ရှိပါတယ်။ ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဝေငှထားပြီးဖြစ်ပါတယ်ရှင်။

[အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူညီတဲ့အချက် (၅)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၄ | ၄ | အပိုဒ် ၁၄ အပိုဒ်ခွဲ(က) |
| (ခ) | ၆ မှ ၇ | ၈၊ ၁၀၊ ၁၁၊ ၁၂ | အပိုဒ် ၂၆ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရမယ့်အချက်(၅)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အတိုင်း သဘောတူညီပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ၅ ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား

လွှတ်တော်၏ပြင်ဆင်ချက် ၅ ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ၅ ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာခြင်းအပေါ် သဘောထားကွဲလွဲသည့်အချက်(၅)ချက်ကို ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကတင်သွင်းသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်တဲ့ ၁၅-၆-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၂၉-၈-၂၀၁၈ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း ထားရှိရမည့်အချက် (၅) ချက်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့်အတွက် ကန့်လန့်ဖြတ်ဇယားနဲ့ တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ထိုသို့ သဘောထားကွဲလွဲသည့်အချက် (၅)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၅)ချက်နဲ့ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နဲ့ (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (သောကြာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ (၁၄.၁၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



Dr Win Thein U Myint Lwin



U Win Myint Dr Than Aung Soe



Dr Tun Naing Daw Nan Moe



Dr Tun Naing U Tin Nu



Dr Tun Naing U Win Win



Dr Mya Lay Sein U Nyunt Aung

pyithu.hluttaw.mm



Dr Mya Lay Sein



U Chin Pe Linn

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်